# Ministry Of Sports And Youth Affairs

# အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန

# သတင်းလွှာ

Monthly Newsletter　　Volume 3, No.3 October 2025


## မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး)သို့ လိုက်လံကြည့်ရှုစစ်ဆေး





နေပြည်တော်၊ အောက်တိုဘာ ၂

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့်ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် အားကစားနှင့်ကာယပညာသိပ္ပံ (မန္တလေး) သို့ရောက်ရှိပြီး မီတာ(၄၀၀)ပြေးလမ်းပါ ဘောလုံးကွင်းအား ကြည့်ရှုစစ်ဆေး၍ ညွှန်ကြားရေးမှူး၊ ကျောင်းအုပ်ကြီးအပါအဝင် ဝန်ထမ်းများအားလုံး မိမိတို့၏ကျောင်း၊ အားကစားကွင်း/အားကစားရုံနှင့် ရေကူးကန်များ အမြဲသန့်ရှင်းသပ်ရပ်သာယာလှပ ကောင်းမွန်စေရေး ဆောင်ရွက်သွားရန်၊ အားကစားနှင့်ကာယပညာ သိပ္ပံကျောင်းများမှ အရည်အချင်းရှိသည့် ပြေးခုန်ပစ်အားကစားသမားများစွာ ပေါ်ထွန်းလာစေရေးအတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း၍ အကောင်အထည်ဖော်ဆောင်ရွက်သွားရန်၊ ရေကူး၊ ဒိုင်ဗင်နှင့် ပြေးခုန်ပစ်အားကစားနည်းများသည် ဆုတံဆိပ်များသည့်အတွက် မျိုးဆက်သစ်အားကစားသမားများစွာ ရရှိစေရေး အထူးအလေးထား ဆောင်ရွက်သွားရန်၊ ပြေးခုန်ပစ်အားကစားနည်းတွင် အရည်အသွေး၊ အရည်အချင်းမြင့်မားသော နည်းပြကောင်းများထားရှိ၍ အားကစားသမားများအား စနစ်တကျ သင်ကြားလေ့ကျင့်ပေးသွားရန်နှင့် မျိုးဆက်သစ်အားကစားသမားများ စဉ်ဆက်မပြတ်ပေါ်ထွန်းစေရေးအတွက် နည်းပြဆရာများမှလည်း တိုင်းဒေသကြီးနှင့်ပြည်နယ်များသို့ ချိတ်ဆက်ဆောင်ရွက်၍ အရည်အသွေးမြင့် မျိုးဆက်သစ်အားကစားသမားများ ရှာဖွေဖော်ထုတ် ပေးသွားရန် မှာကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပြေးလမ်းအား ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ အမြန်ဆုံး ပြုပြင်နိုင်ရေး ဆောင်ရွက်သွားရန်နှင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မှတ်တမ်းမှတ်ရာများကို စနစ်တကျ ပြုစုဆောင်ရွက်သွားရန် မှာကြားခဲ့ပြီးနောက် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ G.10၊ G.11၊ G.12 အောက်တိုဘာ နှစ်ဝက်ဆုံးစာမေးပွဲဖြေဆိုနေမှုအား သွားရောက်ကြည့်ရှု၍ ကျောင်းသား/ကျောင်းသူများအား အားပေးစကားပြောကြားခဲ့ပြီး ပညာရေးနှင့်အားကစား ဟန်ချက်ညီစွာ ဆောင်ရွက်နိုင်ရေး၊ အသိပညာတိုးပွားစေရေး၊ ဗလငါးတန်ဖွံ့ဖြိုးသည့် လူငယ်လူရွယ်များဖြစ်အောင် စနစ်တကျ ပြုစုပျိုးထောင်ပေးသွားရန် အားကစားနှင့်ပညာရေးပေါင်းစပ် အထက်တန်းကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများအား မှာကြားခဲ့သည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီးသည် သင်တန်းသား/သင်တန်းသူများအား ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးလျက်ရှိသည့် ဆေးပေးခန်းသို့သွားရောက်၍ ဆေးခန်းရှိ ဆေးဝါးများနှင့် ဆေးကုရာတွင် အထောက်အကူပြုသည့် စက်ပစ္စည်းများအား စနစ်တကျ အသုံးပြုနိုင်ရေး ထိန်းသိမ်းထားရှိရန်လိုကြောင်း၊ အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး)ရှိ စားရိပ်သာ၌ သင်တန်းသား/သင်တန်းသူများ၏ နေ့လည်စာ စားသောက်နေမှုများအား လိုက်လံကြည့်ရှုစစ်ဆေး၍ အာဟာရပြည့်ဝစွာ ချက်ပြုတ်ကျွေးမွေးသွားရန် တာဝန်ရှိသူများကို မှာကြားခဲ့ပြီးနောက် ယာယီနေရပ်စွန့်ခွာသည့် ဝန်ထမ်းများနှင့် ပြည်သူများအားတွေ့ဆုံ၍ အားကစားပစ္စည်းများနှင့် လိုအပ်သည်များကို ထောက်ပံ့ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

---

**အောင်မြင်မှုအခြေခံ “စ” ခုနှစ်လုံးဆောင်ရန်**

**စိတ်ဓာတ်၊ စည်းကမ်း၊**

**စွမ်းအား၊ စည်းလုံးမှု**

**စံချိန်၊ စံညွှန်း၊ စံနှုန်း**

**၂၀၂၅ ခုနှစ်ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲတွင် တို့ဝန်ထမ်းတွေပါဝင်မဲပေးစို့။**

# အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ၂၀၂၅ ခုနှစ် မိုးရာသီ လူထုလှုပ်ရှားမှုအသွင်ဖြင့် သစ်ပင်စိုက်ပျိုးပွဲအခမ်းအနား ကျင်းပ





နေပြည်တော်၊ အောက်တိုဘာ ၃

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ် မိုးရာသီ လူထုလှုပ်ရှားမှုအသွင်ဖြင့် သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း ပရိဝုဏ် အတွင်း၌ကျင်းပခဲ့ရာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီး ဦးဇင်မင်းထက်၊ ညွှန်ကြားရေးမှူးချုပ်များ ဖြစ်ကြသည့် ဦးမျိုးကျော်သူ၊ ဦးညဏ်ဇော်ဦး၊ ဦးကျော်စိုးမိုးနှင့် အရာထမ်း/အမှုထမ်းဝန်ထမ်းများ စုပေါင်းပါဝင်ဆင်နွှဲစိုက်ပျိုးခဲ့ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များက သတ်မှတ်နေရာများတွင် ကံ့ကော်ပင်များအား ဦးဆောင်စိုက်ပျိုးခဲ့ကြပြီးနောက် အရာထမ်း/အမှုထမ်း ဝန်ထမ်းများက သတ်မှတ်နေရာများ၌ ကံ့ကော်ပင်နှင့် ခရေပင် စုစုပေါင်း အပင်(၃၀၀)တို့ကို "ရှင်အောင်စိုက်ပျိုး၊ ကြီးအောင်ပြုစု၊ မြဲအောင်ထိန်းသိမ်း၊ ထာဝရကုသိုလ်ရဖို့ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့"ဆိုသည့် အဆိုအမိန့်စကားရပ်များနှင့်အညီ ပျော်ပျော်ပါးပါး စုပေါင်းပါဝင်ဆင်နွှဲစိုက်ပျိုးခဲ့ကြရာ ပြည်ထောင်စုဝန်ကြီးက ယခုမိမိတို့ စိုက်ပျိုးကြမည့် အပင်များကို ရှင်သန်အောင် စိုက်ပျိုးရမည့်အပြင် စိုက်ပျိုးပြီးအပင်များကိုလည်း ရှင်သန်ဖြစ်ထွန်း ကြီးထွားစေရေးအတွက် အားလုံးဝိုင်းဝန်း ထိန်းသိမ်းစောင့်ရှောက်သွားကြရန် တာဝန်ရှိသူများနှင့် ဝန်ထမ်းများအား မှာကြားခဲ့သည်။

# အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ၂၀၂၅ ခုနှစ်၊ အာဆီယံနေ့ အထိမ်းအမှတ်အခမ်းအနား တက်ရောက်၍ ISPE FCအသင်းအားတွေ့ဆုံပြီး ဘော်လီဘောနည်းပြသင်တန်းဆင်းပွဲနှင့် စခန်းဝင် အားကစားသမားများအား တက်ရောက်ကြည့်ရှုစစ်ဆေး




ရန်ကုန်၊ အောက်တိုဘာလ ၄ ရက်

၂၀၂၅ခုနှစ်၊ အာဆီယံနေ့အထိမ်းအမှတ် အားကစားလှုပ်ရှားမှု အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး၊ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)၌ ကျင်းပခဲ့ရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ် အတွင်းရေးမှူး၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)မှ နည်းပြဆရာများ၊ သင်တန်းသား/သင်တန်းသူများ တက်ရောက်ခဲ့ကြပြီး အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ ဧည့်သည်တော်များ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)မှ သင်တန်းသား/သင်တန်းသူများနှင့်အတူ ပျော်ပျော်ပါးပါး စုပေါင်းလမ်းလျှောက်ဆင်နွှဲခဲ့ကြပြီးနောက် ASEAN Quiz ဗဟုသုတ မေးခွန်းများမေးမြန်း၍ ဖြေဆိုနိုင်သူများကို ညွှန်ကြားရေးမှူးချုပ်က ဆုများအသီးသီး ပေးအပ်ချီးမြှင့်ခဲ့ပြီးနောက် အပြေးပြိုင်ပွဲကျင်းပခဲ့ပြီး ဆုရရှိသူများကို ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူတို့က ဂုဏ်ပြုချီးမြှင့်ငွေများကို အသီးသီးပေးအပ်ခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် 33rd SEA Games သို့ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် ပဏာမလက်ရွေးစင် ပြေးခုန်ပစ် အားကစားသမားများ၏ စံချိန်ယူလေ့ကျင့်နေမှုများကို စစ်ဆေးခဲ့ပြီး အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)ရှိ ပြည်ထောင်စုခန်းမ၌ ISPE FC အသင်း(၃)သင်း၏ အုပ်ချုပ်/နည်းပြ အားကစားသမားများအား တွေ့ဆုံ၍ လက်တွေ့ကျကျ လုပ်ဆောင်ရာ၌ ရည်ရွယ်ချက်၊ ရည်မှန်းချက်၊ မျှော်မှန်းချက်၊ လုပ်ငန်းစဉ်များ၊ တာဝန်ဝတ္တရားများ





စာမျက်နှာ ၃ သို့ ►

# မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့ရှိ အားကစားကွင်း/အားကစားရုံများအား လိုက်လံကြည့်ရှုစစ်ဆေး၍ တိုင်းဒေသကြီးနှင့်ပြည်နယ် ဘိလိယက်နှင့်စနူကာပြိုင်ပွဲသို့ တက်ရောက်ကြည့်ရှုအားပေး





ရန်ကုန်၊ အောက်တိုဘာလ ၅ ရက်

မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညဏ်ဇော်ဦးနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့ရှိ အားကစားကွင်း/အားကစားရုံများအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်တောင်ပိုင်းရှိ အားကစားကွင်းသို့ ရောက်ရှိပြီး တိုင်းဒေသကြီးနှင့်ပြည်နယ် U-25 ဘောလုံးပြိုင်ပွဲ အောင်မြင်စွာကျင်းပပြုလုပ်နိုင်ရေးနှင့် မျိုးဆက်သစ်အားကစားသမားများ မွေးထုတ်ပေးနိုင်ရေးကို ရည်ရွယ်ပြီး ဘောလုံးကွင်းပတ်လည်မြက်ခင်းများ စိမ်းလန်းစိုပြေစေရေးအတွက် မြက်ဖြတ်ခြင်း လုပ်ငန်းများ ပုံမှန်ဆောင်ရွက်သွားရန်၊ ရေနုတ်မြောင်းများအား ရေစီးရေလာကောင်းမွန်စေရေးအတွက် သန့်ရှင်းရေးများဆောင်ရွက်သွားရန်နှင့် ရေနုတ်မြောင်း အဖုံးများအား ဆေးသုတ်ခြင်း လုပ်ငန်းများဆောင်ရွက်သွားရန်၊ Multipurpose Stadium ရှိ လျှောက်လမ်းများနှင့် မျက်နှာစာအဝင်လမ်းများ ကောင်းမွန်စေရန်၊ နိုင်ငံတော်အလံကို သစ်လွင်တောက်ပစွာ အမြဲတမ်းလွှင့်ထူထားရန်၊ ပြိုင်ပွဲရုံ ရေရှည်တည်တံ့ကောင်းမွန်စေရေးအတွက် စနစ်တကျ တာဝန်ယူထိန်းသိမ်း ဆောင်ရွက်သွားရန် တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားခဲ့သည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တောင်ဥက္ကလာပမြို့နယ်ရှိ မြသီတာ အားကစားကွင်းသို့ရောက်ရှိပြီး ရန်ကုန်တိုင်းဒေသကြီး အားကစားဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ တိုင်းဒေသကြီးအစိုးရဘတ်ဂျက်ဖြင့် ဘောလုံးကွင်းအဆင့်မြှင့်တင်ခြင်းနှင့် အလျား (၂၀၀)ပေ၊ အနံ(၁၅၀)ပေရှိ လူဦးရေပရိသတ် (၂၀၀၀)ဆံ့ မိုးလုံလေလုံအားကစားရုံ တည်ဆောက်နေမှုတို့အား ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို သက်ဆိုင်ရာကုမ္ပဏီမှ တာဝန်ရှိသူများအား အသေးစိတ်မှာကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တောင်ဥက္ကလာပမြို့နယ်ရှိ ပဒေသာအားကစားကွင်းသို့ သွားရောက်၍ ဘောလုံးကွင်းအား ကြည့်ရှုစစ်ဆေးခဲ့ပြီး (AFC)U-17 Women's Asian CupChina 2026 Qualifiers ပြိုင်ပွဲကျင်းပနိုင်ရေးအတွက် (AFC)မှ စည်းမျဉ်း/စည်းကမ်းများနှင့်အညီ စစ်ဆေးခဲ့ပြီးဖြစ်သော်လည်း ဘောလုံးကွင်းမြေသား မျက်နှာပြင်ညီညာစေရေးနှင့် မြက်ခင်းပြင်စိမ်းလန်းစိုပြေစေရေး၊ ဂိုးတိုင်/ဂိုးပိုက်များ ကောင်းမွန်စွာတပ်ဆင်ထားရှိရေး၊ ပတ်ဝန်းကျင် သန့်ရှင်းသပ်ရပ်မှုရှိစေရေး၊ ခြံစည်းရိုးများ၊ မြောင်းဖုံးများအား ထုံးဖြူသုတ်သွားရန်နှင့် Synthetic ပြေးလမ်းကောင်းမွန်စေရေးတို့အတွက် တာဝန်ရှိသူများကို မှာကြားခဲ့ပြီးနောက် ပြည်ထောင်စုဝန်ကြီးသည် တိုင်းဒေသကြီးနှင့်ပြည်နယ် ဘိလိယက်နှင့်စနူကာပြိုင်ပွဲ ကွာတားဖိုင်နယ်ပြိုင်ပွဲ ယှဉ်ပြိုင်ကစားနေမှုတို့အား တက်ရောက်ကြည့်ရှုအားပေးခဲ့ပြီး မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေရေးနှင့် 33rd SEA Games တွင် ဘိလိယက်နှင့်စနူကာ အားကစားနည်းအနေဖြင့် အောင်နိုင်ရေးဆုတံဆိပ်များရရှိစေရေးအတွက် အဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် ဆွေးနွေးပြောကြားခဲ့ပြီး နိုင်ငံ့ဂုဏ်ကိုမြှင့်တင်နိုင်အောင် ဝိုင်းဝန်းပူးပေါင်းကြိုးစားဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်းသိရသည်။

စာမျက်နှာ ၂ မှအဆက်

ဆောင်ရန်/ရှောင်ရန်ကျင့်ဝတ်များ၊ လိုက်နာရမည့် စည်းမျဉ်း/စည်းကမ်းများအတိုင်း လုပ်ကိုင်ဆောင်ရွက်ရန်၊ အားကစားလောက တိုးတက်မြင့်မားစေရန် ရေတို/ရေရှည် စီမံချက်များရေးဆွဲချမှတ်ပြီး လုပ်ကိုင်ဆောင်ရွက်သွားစေရန်၊ ဖွဲ၊ စိတ်ဓာတ်အရင်းခံပြီး မဆုတ်မနစ်သော စိတ်ဓာတ်ဖြင့် ကြိုးစားသွားကြရန် တိုက်တွန်းမှာကြားခဲ့သည်။

ဆက်လက်ပြီး အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံအားကစားရုံ၌ကျင်းပသည့် ဘော်လီဘောနည်းပြသင်တန်းဆင်းပွဲအခမ်းအနားသို့ တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားခဲ့ပြီးနောက် သိမ်ဖြူအားကစားကွင်းတွင် 33rd SEA Games ဝင်ရောက်ယှဉ်ပြိုင်ရန် စခန်းသွင်း လေ့ကျင့်လျက်ရှိသည့် မွေနှင့် Kickboxing ပဏာမလက်ရွေးစင် အားကစားသမားများ၏ လေ့ကျင့်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကာ သိမ်ဖြူအားကစားခန်းမရှိ ကြမ်းခင်းများ၊ အမိုးများပြင်ဆင်ရန် လိုအပ်ချက်များကိုတာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့ကြောင်းသိရှိရသည်။

**အားကစားမြှင့်တင်ခြင်းသည်**
**နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နေခြင်း ဖြစ်ပါသည်**

## မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရမည့် ဂျူဒိုနှင့်ပီတန်းအားကစားအဖွဲ့များ၏ လေ့ကျင့်နေမှုများအား လိုက်လံကြည့်ရှုအားပေး





နေပြည်တော်၊ အောက်တိုဘာ ၈

မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညဏ်ဇော်ဦးနှင့် တာဝန်ရှိသူများလိုက်ပါလျက် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း (Gold Camp)ရှိ ဂျူဒို လေ့ကျင့်ရေးခန်းမတွင် နည်းပြများက ပဏာမလက်ရွေးစင် အားကစားသမားများနှင့် လူငယ်အားကစားသမားများကို နည်းစနစ်ပိုင်းဆိုင်ရာများအား (Sparring) ကစားခြင်းဖြင့် တစ်ဦးချင်းသင်ကြား လေ့ကျင့်ပေးနေမှုများကို ကြည့်ရှုအားပေးခဲ့ပြီးနောက် 33rd SEA Games သို့ ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားသမားများအတွက် ပြိုင်ပွဲဝင်ဝတ်စုံ ဂျူဒိုကီနှင့်ခါးစည်းခါးပတ် ဝယ်ယူထားရှိမှု အခြေအနေများအား ကြည့်ရှုစစ်ဆေးခဲ့ပြီး ပြိုင်ပွဲဝင်ဝတ်စုံနှင့် အသားကျနေစေရန်အတွက် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်သွားရန် တာဝန်ရှိသူများကို မှာကြားခဲ့သည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီးသည် ပီတန်းလေ့ကျင့်ရေးကွင်း၌ ပီတန်းအားကစားသမားများ၏ လေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးခဲ့ပြီးနောက် အုပ်ချုပ်/နည်းပြများနှင့် အားကစားသမားများအား တွေ့ဆုံ၍ မိမိတို့လက်ရှိ ရရှိထားသည့်ရမှတ်များ၊ အားနည်းချက်/အားသာချက်များကို ပြန်လည်သုံးသပ်ပြီး ဇွဲ၊ လုံ့လ၊ ဝီရိယ စိုက်ထုတ်၍ လာမည့် 33rd SEA Games တွင် မျှော်မှန်းထားသည့် ဆုတံဆိပ်များရရှိအောင် ဆက်လက်ကြိုးစား အားထုတ်သွားကြရန် တိုက်တွန်းမှာကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စားရိပ်သာ၌ အားကစားသမားများ၏ နေ့လည်စာစားသောက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး Sports Nutrition နှင့်အညီ အားကစားသမားများအတွက် တစ်နေ့တာလိုအပ်သည့် ကယ်လိုရီပမာဏအတိုင်း တွက်ချက်၍ အလေအလွင့်မဖြစ်စေရန်နှင့် အာဟာရပြည့်ဝစေရန်အတွက် သန့်ရှင်းလတ်ဆတ်သည့် အသား၊ ငါးများကို ချက်ပြုတ်ကျွေးမွေးသွားရန် တာဝန်ရှိသူများကိုမှာကြားခဲ့ကြောင်း သိရသည်။

---

## 33rd SEA Games အတွက် အလေးမအားကစားသမားများအား အပြီးသတ် ရွေးချယ်ရေးပြိုင်ပွဲနှင့် (Youth Camp)မှ လူငယ်အလေးမအားကစားသမားများအား စံချိန်ဆန်းစစ်ပြိုင်ပွဲကျင်းပ



နေပြည်တော်၊ အောက်တိုဘာ ၉

33rd SEA Games အတွက် အလေးမအားကစားသမားများ အပြီးသတ်ရွေးချယ်ရေးပြိုင်ပွဲနှင့် လူငယ်အလေးမအားကစားသမားများ စံချိန်ဆန်းစစ်ပြိုင်ပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ အလေးမလေ့ကျင့်ရေးရုံ၌ ကျင်းပခဲ့ရာ အမြန်မနှင့် နှစ်ဆင့်မပြိုင်ပွဲ ပွဲစဉ်များအဖြစ် အမျိုးသမီး (၄၈၊ ၅၃၊ ၅၈၊ ၆၃) ကီလိုတန်းပြိုင်ပွဲများနှင့် အမျိုးသား (၆၀၊ ၆၅၊ ၇၁၊ ၈၈၊ ၉၄၊ +၉၄) ကီလိုတန်းပြိုင်ပွဲများကို အသီးသီး ယှဉ်ပြိုင်ခဲ့ကြပြီး အမျိုးသမီး ၆၃ ကီလိုတန်းနှင့် အမျိုးသား ၉၄ ကီလိုတန်းတို့၏ အမြန်မ၊ နှစ်ဆင့်မပြိုင်ပွဲနှင့် စံချိန်စုစုပေါင်းတို့တွင် မြန်မာပြည် စံချိန်သစ်များ တင်နိုင်ခဲ့သည့် သူဇာခင်နှင့် ဝင်းနိုင်ထွန်းတို့ကို ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်နှင့် မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ် ဥက္ကဋ္ဌတို့က ဂုဏ်ပြုဆုကြေးငွေများကို အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက အုပ်ချုပ်၊ နည်းပြများနှင့် အားကစားသမားများအားတွေ့ဆုံ၍ မိမိတို့ရရှိထားသည့် စံချိန်၊ စံညွှန်းများထက် ပိုမိုကောင်းမွန်အောင် အစွမ်းကုန်ကြိုးစားအားထုတ်လေ့ကျင့်သွားရန်၊ အလေးမအားကစားနည်းဖြင့် အောင်မြင်မှုများ ရရှိပြီး နိုင်ငံ့ဂုဏ်ဆောင်နိုင်စေရန်၊ လာမည့် 33rd SEA Games တွင် မျှော်မှန်းထားသည့် ဆုတံဆိပ်များရရှိအောင် ဆက်လက်ကြိုးစား အားထုတ်သွားကြရန် တိုက်တွန်းမှာကြားခဲ့သည်။

## အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် 33rd SEA Games သို့ ဝင်ရောက်ယှဉ်ပြိုင်မည့် စခန်းဝင်လက်ရွေးစင် ပိုက်ကျော်ခြင်းအားကစားအဖွဲ့များ၏ လေ့ကျင့်နေမှုများအား လိုက်လံကြည့်ရှုအားပေး





နေပြည်တော်၊ အောက်တိုဘာ ၁၀

မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ဒုတိယဝန်ကြီး ဦးဇင်မင်းထက်၊ ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်ဇော်ဦးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ လက်ရွေးစင် လေ့ကျင့်ရေးရုံ၌ လေ့ကျင့်လျက်ရှိသည့် လက်ရွေးစင်အားကစားသမားများ၏ လေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးခဲ့ပြီးနောက် အားကစားသမားများအနေဖြင့် လေ့ကျင့်မှုပြုလုပ်ရာတွင် ထိခိုက်ဒဏ်ရာ (Injury)မရရှိရေး၊ ထိချက်များ မှန်ကန်တိကျစွာဖြင့် ယှဉ်ပြိုင်နိုင်အောင် နည်းစနစ်၊ နည်းဗျူဟာများကို ကြိမ်ဖန်များစွာ လေ့ကျင့်သွားရန်မှာကြားခဲ့ပြီး ပိုက်ကျော်ခြင်း (အမျိုးသား / အမျိုးသမီး) သုံးယောက်တွဲ၊ လေးယောက်တွဲ အသင်းလိုက် ကွင်းသွင်းခြင်းခတ် အားကစားသမားများ၏ လေ့ကျင့်နေမှုများကို သွားရောက်ကြည့်ရှုအားပေး၍ မိမိတို့လေ့ကျင့်ထားသည့်အတိုင်း ပြိုင်ပွဲတွင် အကျိုးရှိရှိ ပြန်လည်အသုံးချ ယှဉ်ပြိုင်နိုင်ရေး ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ အစွမ်းကုန် ကြိုးစားလေ့ကျင့်ကြရန်၊ ကွင်းသွင်းခြင်းခတ်ရာတွင် စိတ်တည်ငြိမ်မှုရှိစေရန်နှင့် အာရုံစူးစိုက်ခြင်းနှင့် သက်လုံကောင်းပြီး ခန္ဓာကိုယ်ကြံ့ခိုင်မှုရှိစေရန် အလေးထားလေ့ကျင့် လုပ်ဆောင်သွားရန်၊ အားကစားသမားတစ်ဦးချင်း၏ နေ့စဉ်တိုးတက်မှုကို Graph ရေးဆွဲထားရန်၊ Training Program အတိုင်း မိမိတို့၏ အားနည်းချက်များကို အားသာချက်အဖြစ် ပြောင်းနိုင်သူဖြစ်အောင် နည်းပြများ၏ သင်ကြားလေ့ကျင့်ပေးမှုအတိုင်း ကြိုးစားလေ့ကျင့်ရန် မှာကြားခဲ့ပြီးနောက် တင်ပြချက်များအပေါ် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

---

## အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်အတွင်းရှိ အားကစားကွင်း/အားကစားရုံများအား လိုက်လံကြည့်ရှုစစ်ဆေး





နေပြည်တော်၊ အောက်တိုဘာ ၁၁

မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် တာဝန်ရှိသူများလိုက်ပါလျက် မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်အတွင်းရှိ အားကစားနှင့်ကာယပညာဦးစီးဌာနရုံးနှင့် ခရိုင်အားကစားကွင်း/အားကစားရုံတို့အား လိုက်လံကြည့်ရှု စစ်ဆေးခဲ့ပြီးနောက် အားကစားကွင်း/ရုံများ အစဉ်အမြဲ သန့်ရှင်းသာယာလှပစေရေးအတွက် အမြဲထိန်းသိမ်းစောင့်ရှောက်သွားရန်၊ ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေရေးနှင့် အားကစားနှင့်ကာယပညာသိပ္ပံ သင်တန်းသားများ ရရှိစေရေးအတွက် အခြေခံပညာကျောင်းများနှင့်ချိတ်ဆက်ပြီး သတ်မှတ်စံချိန် စံညွှန်းများနှင့် ကိုက်ညီသည့် ကျောင်းသား/ကျောင်းသူများကို ခေါ်ယူ၍ ရွေးချယ်မှုတွင် အထောက်အကူပြုစေမည့် အခြေခံနည်းစနစ်များနှင့် ကြံ့ခိုင်မှုများကို စီမံချက်များရေးဆွဲ၍ သင်ကြားလေ့ကျင့်ပေးသွားရန်လိုကြောင်း၊ လူငယ်များဗလငါးတန်နှင့်ပြည့်စုံစေရန် အထောက်အကူဖြစ်စေမည့် အားကစားလှုပ်ရှားမှုများ ပိုမိုဆောင်ရွက်လာနိုင်စေရေးအတွက် အခြေခံပညာကျောင်းများနှင့် ချိတ်ဆက်ပြီး အားကစား၏ အကျိုးကျေးဇူးများ၊ အသိပညာပေးဟောပြောပွဲများ၊ သရုပ်ပြပွဲများ၊ အားကစားပြိုင်ပွဲများကိုကျင်းပပေးပြီး စည်းရုံးလှုံ့ဆော် ဆောင်ရွက်သွားရန်၊ အခြေခံကျသည့် ခရိုင်/မြို့နယ်များမှ တာဝန်ရှိသူများက သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း၍ စနစ်တကျ ရေတို/ရေရှည်စီမံချက်များရေးဆွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်းသိရသည်။

## ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်အတွင်းရှိ အားကစားကွင်း/အားကစားရုံများအား လိုက်လံကြည့်ရှုစစ်ဆေး





နေပြည်တော်၊ အောက်တိုဘာ ၁၂

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင် အားကစားကွင်း/အားကစားရုံသို့သွားရောက်ပြီး မန္တလေးတိုင်းဒေသကြီး အားကစားအဆင့်အတန်း ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် မျိုးဆက်သစ်အားကစားသမားများစွာ မွေးထုတ်ပေးနိုင်စေရေးတို့အတွက် အားကစားသမားများနှင့်ပြည်သူများ လေ့ကျင့်မှုပြုလုပ်လျက်ရှိသည့် အားကစားကွင်း/အားကစားရုံများအမြဲတမ်းသန့်ရှင်းသာယာလှပစေရေးနှင့် မြက်ခင်းများ စိမ်းလန်းစိုပြေ၍ ညီညာလှပစေရေး သန့်ရှင်းရေးများ ပုံမှန်ပြုလုပ်ပြီး အဆောက်အဦများ ရေရှည်တည်တံ့အောင် ထိန်းသိမ်းဆောင်ရွက်သွားရန်၊ မျိုးဆက်သစ်အားကစားသမားများစွာ ပေါ်ထွက်လာစေရေး တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း၍ တိုင်း၊ ခရိုင်၊ မြို့နယ်၊ ကျောင်းအဆင့်ပြိုင်ပွဲများကို အစဉ်လာမပြတ် အမြဲတမ်းကျင်းပပြုလုပ်ပေးခြင်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားရန် တာဝန်ရှိသူများအား တိုက်တွန်းမှာကြားခဲ့သည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီးသည် ယာယီနေရပ်စွန့်ခွာသည့် ဝန်ထမ်းများနှင့် ပြည်သူများအားတွေ့ဆုံ၍ လတ်တလောနေထိုင်၊ သွားလာ၊ စားသောက်မှုများ အဆင်ပြေစေရေးအတွက် အားကစားပစ္စည်းများနှင့် လိုအပ်သည်များကို ထောက်ပံ့လှူဒါန်းပေးအပ်ခဲ့ကြောင်း သိရသည်။

## မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အားကစားကွင်းအား လိုက်လံကြည့်ရှုစစ်ဆေး





နေပြည်တော်၊ အောက်တိုဘာ ၁၃

မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ် အားကစားကွင်းသို့သွားရောက်ပြီး မြက်ခင်းများ စိမ်းလန်းစိုပြေစေရေး၊ ဘောလုံးကွင်း ရေစိမ့်မြောင်းများနှင့် ရေဖြန်းစနစ် (Sprinkler)များ ကောင်းမွန်စေရေး၊ ရေလုံလောက်စွာ ရရှိစေရေးနှင့် ရေလိုင်းမီးလိုင်းများ ကောင်းမွန်စေရေးတို့အတွက် ရေစင်တည်ဆောက်ထားရှိမှု အခြေအနေကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ဘောလုံးကွင်းဂိုးတိုင်၊ ဂိုးပိုက်များနှင့် Corner တိုင်များ စနစ်တကျတပ်ဆင်ထားရှိရေး ပြည်သူများလာရောက် လေ့ကျင့်ကစားနိုင်စေရေးအတွက် ထိန်းသိမ်းဆောင်ရွက်ရန် တာဝန်ရှိသူများကို မှာကြားခဲ့သည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီးသည် ယာယီနေရပ်စွန့်ခွာသည့် ဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်း အငြိမ်းစားများနှင့် ပြည်သူများအားတွေ့ဆုံ၍ လတ်တလောနေထိုင်၊ သွားလာ၊ စားသောက်မှုများ အဆင်ပြေစေရေးအတွက် အားကစားပစ္စည်းများနှင့် လိုအပ်သည်များကို ထောက်ပံ့လှူဒါန်းပေးအပ်ခဲ့ကြောင်း သိရသည်။

**အမျိုးသားအားကစား တိုးတက်ရေး**
**လူချွန်လူကောင်း ပျိုးထောင်ပေး**

# အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗီယက်နမ်နိုင်ငံ၌ ကျင်းပခဲ့သည့် (၈) ကြိမ်မြောက် အာဆီယံအားကစားဆိုင်ရာ ဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများတက်ရောက်






နေပြည်တော်၊ အောက်တိုဘာ ၁၉

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ညွှန်ကြားရေးမှူးချုပ် ဦးညဏ်ဇော်ဦးနှင့် ညွှန်ကြားရေးမှူး ဦးခွန်ဂျာအောင်တို့နှင့်အတူ ဗီယက်နမ်နိုင်ငံ၊ ဟန္နိုင်းမြို့ရှိ (Melia Hotel, Hanoi, Viet Nam) မဲလ်လီရာဟိုတယ် Thang Long Ballroom (7th Floor)၌ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်နေ့နှင့် ၁၇ ရက်နေ့တို့တွင် ကျင်းပပြုလုပ်ခဲ့သည့် (၈) ကြိမ်မြောက် အာဆီယံအားကစားဆိုင်ရာဝန်ကြီးများ အစည်းအဝေးနှင့်ဆက်စပ် အစည်းအဝေးများသို့ တက်ရောက်ပါဝင်ဆွေးနွေးခဲ့ပြီး အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက နှုတ်ခွန်းဆက် အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံမှ အာဆီယံအားကစားဆိုင်ရာ အဆင့်အတန်းများနှင့် အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကဏ္ဍပေါင်းစုံဖြင့်အဖက်ဖက်မှ ပူးပေါင်းပါဝင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်လည်း အာဆီယံနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများကိုလည်း နှစ်စဉ်အမြဲမပြတ် ကျင်းပဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြောကြားခဲ့ပါသည်။

အဆိုပါအခမ်းအနားတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ် (၃၅) ဦးခန့် တက်ရောက်ပါဝင်ဆွေးနွေးခဲ့ကြပါသည်။

ယင်းနောက် ဗီယက်နမ်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ လာအိုနိုင်ငံတို့မှ တက်ရောက်လာသည့် အားကစားဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများကို တွေ့ဆုံခဲ့ပြီး နောင်ပြိုင်ပွဲကျင်းပမည့် အရှေ့တောင်အာရှ၊ အာရှ အားကစားပြိုင်ပွဲများတွင် အများသဘောတူညီသည့် သက်ဆိုင်ရာ နိုင်ငံအလိုက် ရိုးရာအားကစားနည်းများကို စနစ်တကျထည့်သွင်း ကျင်းပနိုင်ရေးနှင့် ဒေသတွင်းအားကစားပြိုင်ပွဲများ ပါဝင်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်မှုစနစ်အား ပြိုင်ပွဲနီးချိန်ကာလ (၂) ပတ်အလို ဖိတ်ကြားမှု အစား အနည်းဆုံး(၃)လ ကြိုတင်ဖိတ်ကြားမှုစနစ်ကို စီစဉ် ဆောင်ရွက်ရေးတို့ကို ဆွေးနွေးပြောကြားခဲ့ကြောင်းသိရသည်။

အဖွဲ့ဝင်အဖြစ်လိုက်ပါသည့် ညွှန်ကြားရေးမှူးချုပ် ဦးညဏ်ဇော်ဦးနှင့် ညွှန်ကြားရေးမှူး ဦးခွန်ဂျာအောင်တို့သည် ဗီယက်နမ်နိုင်ငံ၊ ဟန္နိုင်းမြို့ရှိ (Melia Hotel, Hanoi, Viet Nam) မဲလ်လီရာဟိုတယ် Thang Long Ballroom (7th Floor)၌ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်နေ့နှင့် ၁၅ ရက်နေ့တို့တွင် ကျင်းပပြုလုပ်ခဲ့သည့် (၁၆) ကြိမ်မြောက် အားကစားဆိုင်ရာအဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ပါဝင်ဆွေးနွေးခဲ့ကြောင်းသိရသည်။

# အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် (၃) နိုင်ငံ ဖိတ်ခေါ်ဖလား ပထမဆုဖလားရရှိခဲ့သည့် မြန်မာ ISPE အမျိုးသားဘောလုံးအသင်းအား ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားသို့တက်ရောက်ခြင်းနှင့် အားကစားကွင်း/အားကစားရုံများအား လိုက်လံကြည့်ရှုစစ်ဆေး






ရန်ကုန်၊ အောက်တိုဘာ ၂၀

(၃) နိုင်ငံဖိတ်ခေါ်ဖလား အမျိုးသားဘောလုံးပြိုင်ပွဲတွင် ပထမဆုဖလားရရှိခဲ့သည့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာသိပ္ပံ မြန်မာ ISPE အမျိုးသားဘောလုံးအသင်းအား ဂုဏ်ပြုချီးမြှင့်ခြင်း အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ အားကစားနှင့်ကာယပညာသိပ္ပံ (ရန်ကုန်)ရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပခဲ့ရာ မြန်မာနိုင်ငံအိုလံပစ် ကော်မတီဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာ



စာမျက်နှာ ၈သို့ ►

# အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန နှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ရန်ကုန်မြို့တွင် စခန်းဝင်လေ့ကျင့်နေသည့် အားကစားအဖွဲ့များအား လိုက်လံကြည့်ရှုစစ်ဆေး၍ ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အသက် (၂၅)နှစ်အောက် (အမျိုးသမီး)ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲအခမ်းအနားတက်ရောက်






ရန်ကုန်၊ အောက်တိုဘာ ၂၅

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်ဇော်ဦးနှင့်တာဝန်ရှိသူများလိုက်ပါလျက် 33rd SEA Games ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် ရန်ကုန်မြို့တွင် စခန်းဝင်လေ့ကျင်နေသည့် အားကစားအဖွဲ့များအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် 33rd SEA Games တွင် ပြိုင်ပွဲအမျိုးအစားအလိုက် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန်အတွက် အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်) ကျိုက္ကဆံရှိ Teqball အားကစားအဖွဲ့ချုပ် လေ့ကျင့်ရေးအားကစားရုံ၌ လေ့ကျင့်လျက်ရှိသည့် ပဏ္ဍာမလက်ရွေးစင် Teqball အားကစားသမားများ၏ လေ့ကျင့်နေမှု၊ ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့တွင် Joint Training လေ့ကျင့်ခဲ့မှုအခြေအနေ၊ Teqball Tour Bangkok 2025 ပြိုင်ပွဲသို့ ယှဉ်ပြိုင်ခဲ့မှုအခြေအနေ စံချိန်စံနှုန်းများကို Video Clip ဖြင့် ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးမှ ယခု သွားရောက်ယှဉ်ပြိုင်သည့် အားကစားနည်းများတွင် Teqball အားကစားနည်းသည် အသစ်ပြန်လည်ဖွဲ့စည်းသည့် အားကစားနည်းဖြစ်ပြီး အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အတွေ့အကြုံရရှိစေရေးနှင့် အောင်မြင်မှုများရရှိစေရေး မှာကြားခဲ့ပါသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ခြင်းလုံးအားကစားရုံတွင် (အမျိုးသား/အမျိုးသမီး) Event-3 ပြိုင်ပွဲခတ်ကစားနည်းများ၏ လေ့ကျင့်နေမှုများ၊ သွားရောက်ကြည့်ရှုအားပေးခဲ့ပြီးနောက် မိမိတို့လေ့ကျင့်ထားသည့်အတိုင်း ပြိုင်ပွဲတွင် ယှဉ်ပြိုင်အနိုင်ရရှိစေရေး နည်းပြများ၏ သင်ကြားလေ့ကျင့်ပေးမှုများအတိုင်း

စာမျက်နှာ ၉ သို့ ►

စာမျက်နှာ ၇ မှ အဆက် ►

ဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များမှဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ အလှူရှင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် အုပ်ချုပ်/ နည်းပြ၊ အားကစားသမားများ တက်ရောက်ခဲ့ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားခဲ့ပြီး အားကစားနှင့်ကာယပညာသိပ္ပံ ISPE အမျိုးသားဘောလုံးအသင်းကို ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုချီးမြှင့်ငွေကျပ်သိန်း(၂၀၀)၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှငွေကျပ်သိန်း(၁၀၀)နှင့် မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်ဥက္ကဋ္ဌက ငွေကျပ် (၁၀) သိန်းတို့အား အသီးသီးပေးအပ်ချီးမြှင့်ခဲ့သည်။

ယင်းနောက် ဆုရမြန်မာ ISPE အမျိုးသား ဘောလုံးအသင်းကိုယ်စား အားကစားသမား ကျော်သီဟဇော်ကကျေးဇူးတင်စကားပြောကြားခဲ့ပြီးနောက် ပထမဆုရရှိခဲ့သည့် ဆုဖလားအားပြည်ထောင်စုဝန်ကြီးထံ ပြန်လည်အပ်နှံပေးခဲ့ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူး၍ အခမ်းအနားအား ရုပ်သိမ်းခဲ့သည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အားကစားနှင့်ကာယပညာသိပ္ပံစားရိပ်သာ၌ သင်တန်းသား/သင်တန်းသူများ၏နေ့လည်စာစားသောက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ပြီးနောက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်နှင့်တာဝန်ရှိသူများလိုက်ပါလျက် 33rd SEA Games သို့ ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားအဖွဲ့များ စခန်းသွင်းလေ့ကျင့်နိုင်ရေးအတွက် အမျိုးသားအားကစားပြိုင်ပွဲရုံ (၁) သုဝဏ္ဏသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ပြိုင်ပွဲရုံအတွင်းအပြင် သန့်ရှင်းသပ်ရပ်သာယာလှပစေရေး၊ သစ်ပင်ပန်းပင်များ စနစ်တကျ စိုက်ပျိုးစေရေးနှင့်ပြိုင်ပွဲရုံ ရေရှည်တည်တံ့ခိုင်မြဲစေရေးတို့အတွက် ထိန်းသိမ်းဆောင်ရွက်သွားရန် တာဝန်ရှိသူများကို မှာကြားခဲ့သည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရွှေပြည်သာမြို့နယ် နဝရတ်အားကစားကွင်းအတွင်းရှိ အများပြည်သူများလာရောက်လေ့ကျင့်နိုင်စေရေးတို့အတွက် အဆင့်မြင့်အားကစားရုံတည်ဆောက်နေမှုအား ကြည့်ရှုစစ်ဆေးခဲ့ပြီး သတ်မှတ်ဘဏ္ဍာရေးနှစ်အတွင်း အချိန်မီပြီးစီးစေရေး၊ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစွာ တည်ဆောက်ပြီးစီးနိုင်စေရေးတို့အတွက် တာဝန်ရှိသူများကို မှာကြားခဲ့ပါသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လှေလှော်အားကစားအဖွဲ့ချုပ်သို့ သွားရောက်၍ 33rd SEA Games သို့ ယှူဆောင်သွားမည့် ပြိုင်ပွဲဝင်လှေများအား ကြည့်ရှုစစ်ဆေးခဲ့ပြီး အားကစားသမားများ၏ အားကစားနည်းအမျိုးအစားအလိုက် လေ့ကျင့်နေမှုများကြည့်ရှုအားပေးခဲ့ပြီး 33rd SEA Games တွင် အောင်မြင်မှုရရှိစေရေးအတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ အစွမ်းကုန်ကြိုးစားလေ့ကျင့်သွားကြရန် တိုက်တွန်းမှာကြားခဲ့ကြောင်း သိရသည်။

# (၃၃)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး၊ အောင်နိုင်ရေးဆိုင်ရာကိစ္စရပ်များ၊ ဒီဇင်ဘာလူထုလှုပ်ရှားမှု အထိမ်းအမှတ်လမ်းလျှောက်ပွဲ၊ လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများကျင်းပနိုင်ရေးကိစ္စရပ်များနှင့် ပတ်သက်ပြီး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



နေပြည်တော်၊ အောက်တိုဘာ ၃၀

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလတွင် ထိုင်းနိုင်ငံ၌ ကျင်းပပြုလုပ်မည့် 33rd SEA Games သို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး၊ အောင်နိုင်ရေးဆိုင်ရာကိစ္စရပ်များ၊ ဒီဇင်ဘာလူထုလှုပ်ရှားမှုအထိမ်းအမှတ်လမ်းလျှောက်ပွဲ၊ လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများ အောင်မြင်စွာကျင်းပနိုင်ရေးကိစ္စရပ်များနှင့် ပတ်သက်ပြီး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်၊ ရုံးအမှတ် (၃၁) ရှိ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ

စာမျက်နှာ ၁၀ သို့ ►

စာမျက်နှာ ၈ မှ အဆက် ►

ကြိုးစားလိုက်နာကြရန်၊ ယခုသွားရောက်ယှဉ်ပြိုင်မည့် 33rd SEA Games တွင် အမိမြန်မာနိုင်ငံတော်အတွက် ပထမဦးဆုံး ရွှေတံဆိပ်ဆုကိုရယူပြီး အမိမြန်မာနိုင်ငံတော်၏ အလံကိုတိုင်ထိပ်တွင်လွှင့်ထူနိုင်အောင် ကြိုးစားကြရန် တွန်းအားပေးမှာကြားခဲ့ပြီးနောက် အုပ်ချုပ်/နည်းပြ၊ အားကစားသမားများအား ထောက်ပံ့ငွေများ ပေးအပ်ချီးမြှင့်ခဲ့သည်။

ယင်းနောက် ပန်ကြပ်ဆီလပ်အားကစားရုံတွင် ပဏာမလက်ရွေးစင် ပန်ကြပ်ဆီလပ် အားကစားသမားများ၏ တစ်ကိုယ်တော် အလှပြ၊ သုံးယောက်တွဲအလှပြနှင့်အတိုက် အားကစားနည်း လေ့ကျင့်နေမှုများ၊ ပြိုင်ပွဲတွင် အောင်နိုင်မှုရရှိစေရေး အစွမ်းကုန်ကြိုးစား လေ့ကျင့်ကြရန်၊ မိမိတို့လေ့ကျင့်နေသည့် စံချိန်စံညွှန်းများ တိုးတက်ကောင်းမွန်ပြီး ပြိုင်ဘက်အသင်းအား အနိုင်ရယူနိုင်အောင် ကြိုးစားကြရန်၊ ပြိုင်ပွဲနီးကပ်လာပြီဖြစ်၍ ကျန်းမာရေးကို အထူးဂရုစိုက်ပြီး လေ့ကျင့်မှုပြုလုပ်ချိန်တွင် ထိခိုက်ဒဏ်ရာမရရှိအောင် ဂရုစိုက်ကြရန် မှာကြားခဲ့ပြီး နည်းပြနှင့်အားကစားသမားများအား ထောက်ပံ့ငွေများ ပေးအပ်ချီးမြှင့်ခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အမျိုးသား အားကစားပြိုင်ပွဲရုံ (၁) သုဝဏ္ဏရှိ မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာ လေ့ကျင့်ရေးခန်းမသို့ရောက်ရှိပြီး လက်ရည်စမ်းယှဉ်ပြိုင် လေ့ကျင့်နေမှုများအား စစ်ဆေးကြည့်ရှုအားပေးခဲ့ပြီး ပြိုင်ပွဲအဆက်ဆက်တွင် ဆုတံဆိပ်များဆွတ်ခူးရရှိခဲ့သည့် အားကစားနည်းဖြစ်၍ ယခုပြိုင်ပွဲမှာလည်း ဆက်လက်၍အောင်မြင်မှု ဆုတံဆိပ်များ ရရှိအောင် ကြိုးစားကြရန်မှာကြားပြီး အုပ်ချုပ်၊ နည်းပြနှင့် အားကစားသမားများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ခဲ့သည်။

ထို့နောက် မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ရန်ကုန်တိုင်းဒေသကြီး လူငယ်အားကစား လေ့ကျင့်ရေးစခန်း သုဝဏ္ဏဘောလုံးကွင်း၌ ကျင်းပသည့် ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အသက် (၂၅) နှစ်အောက် (အမျိုးသမီး) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ ဗိုလ်လုပွဲစဉ်ဖြစ်သော ကရင်ပြည်နယ်အသင်းနှင့် မွန်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုအား ကြည့်ရှုအားပေးရာ ကရင်ပြည်နယ်အသင်းက မွန်ပြည်နယ်အသင်းကို (၃)ဂိုး၊ (၁)ဂိုး ဖြင့် အနိုင်ရရှိခဲ့ပါသည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပပြုလုပ်ရာ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်ဇော်ဦးက အကောင်းဆုံးဂိုးသမားဆုရရှိသော နန်းခိုင်လွှင်အေး (မွန်ပြည်နယ်)ကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးဌေးအောင်က အကောင်းဆုံးနောက်တန်း အားကစားသမားဆုရရှိသော အိမ့်သဇင်ထက် (ရန်ကုန်တိုင်းဒေသကြီး)ကိုလည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီးဦးခင်မောင်ကြည်က အကောင်းဆုံးအလယ်တန်း အားကစားသမားဆုရရှိသော အေးထက်ထက်ပိုင် (ဧရာဝတီတိုင်းဒေသကြီး)ကိုလည်းကောင်း၊ ကရင်ပြည်နယ်အစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးစောထွန်းအောင်က အကောင်းဆုံး ရှေ့တန်းအားကစားသမားဆု နန်းမြင့်မြင့်ခိုင်(ကရင်ပြည်နယ်)ကိုလည်းကောင်း၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က ပွဲစဉ်တစ်လျှောက် အကောင်းဆုံးအားကစားသမားဆု ရရှိသော နန်းမိုးပွင့်အေးချို (ကရင်ပြည်နယ်)နှင့် တစ်ဦးချင်း အကောင်းဆုံးဆုတံဆိပ်များနှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးမျိုးမြင့်အောင်က စတုတ္ထဆုရရှိသော ရန်ကုန်တိုင်းဒေသကြီးအသင်းအား ငွေသားဆုကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီး မြို့တော်ဝန် ဦးဗိုလ်ဌေးက တတိယဆုရရှိသော ဧရာဝတီတိုင်းဒေသကြီးအသင်းကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဝင်းတင့်က ဒုတိယဆုရရှိသော မွန်ပြည်နယ်အသင်းတို့ကို တစ်ဦးချင်းဆုတံဆိပ်များနှင့် ငွေသားဆုများကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာကော်မတီနာယက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်းက ပထမဆုရရှိသော ကရင်ပြည်နယ်အသင်းကို တစ်ဦးချင်း ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ခဲ့ပါသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က ပထမဆုရရှိသော ကရင်ပြည်နယ်အသင်းအား ငွေသားဆုနှင့် အမျိုးသမီး တံခွန်စိုက်ဆုဖလားကို ပေးအပ်ချီးမြှင့်ခဲ့ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခဲ့ကြောင်း သိရသည်။

စာမျက်နှာ ၉ မှ အဆက်

ဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးထိန်လင်း၊ ဦးဇင်မင်းထက်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနခွဲများမှ ညွှန်ကြားရေးမှူးများ တက်ရောက်ခဲ့ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် "အားကစားမြှင့်တင်ခြင်းသည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နေခြင်းဖြစ်ပြီး မြန်မာ့အားကစားမှ ကမ္ဘာ့အားကစားသို့" ဆိုသည့် ဆောင်ပုဒ်များအတိုင်း မကြာမီကျင်းပပြုလုပ်မည့် 33rd SEA Games တွင် မြန်မာအားကစားအဖွဲ့ အောင်မြင်မှုရရှိစေရေးအတွက် ပြိုင်ပွဲတွင်ပါဝင်ယှဉ်ပြိုင်မည့် အားကစားနည်းများနှင့် ပြိုင်ပွဲဝင်အင်အားစာရင်းများအား စိစစ်ခြင်းများ၊ ပို့ဆောင်ရေးကိစ္စရပ်များ၊ အုပ်ချုပ်/ထောက်ပံ့မှုကိစ္စရပ်များ၊ ပြိုင်ပွဲတွင်စနစ်တကျ ဝင်ရောက်ယှဉ်ပြိုင်မှု အောင်နိုင်ရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်ပြီး၊ လေ့ကျင့်ဆောင်ရွက်နေမှုအခြေအနေများ၊ ပြိုင်ပွဲဝင်ပစ္စည်းဝယ်ယူပြီးစီးမှု အခြေအနေများအား ရှင်းလင်းတင်ပြပေးသွားရန်လိုကြောင်း၊ အားကစားယှဉ်ပြိုင်ရာ၌ မိမိလူမျိုး၊ မိမိနိုင်ငံတော်၏ ကျေးဇူးကိုစောင့်သိပြီး အမျိုးဂုဏ်ဆောင်၊ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများဖြစ်အောင် အားသွန်ခွန်စိုက်ကြိုးပမ်းယှဉ်ပြိုင်၍ "ငုတ်မိသဲတိုင်၊ တက်နိုင်ဖျားရောက်" ဆိုသကဲ့သို့ မလျှော့သောဇွဲ၊ သတ္တိ၊ ပြင်းပြသောလုံ့လ တို့ဖြင့် ပါဝင်ယှဉ်ပြိုင်သွားရန်လိုကြောင်း၊ မြန်မာနိုင်ငံတော်၏ အလံကို တိုင်ထိပ်တွင် လွှင့်ထူနိုင်အောင် ကျရာကဏ္ဍများအလိုက် အစွမ်းကုန်ကြိုးပမ်းအားထုတ်သွားရန် တာဝန်ရှိသူများအနေဖြင့် အားကစားသမားများ သိရှိနားလည်အောင် တိုက်တွန်းမှာကြားသွားရန်လိုကြောင်း၊ "ရှင်သန်လှုပ်ရှားလူထုအားကစား" ဆိုသည့် ဆောင်ပုဒ်အတိုင်း တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်စေရေးအတွက် ဒီဇင်ဘာလူထုလှုပ်ရှားမှုအထိမ်းအမှတ် လမ်းလျှောက်ပွဲကျင်းပနိုင်ရေးနှင့် နိုင်ငံတော်မှ ချမှတ်ထားသည့် လမ်းညွှန်ချက်များနှင့်အညီ အားကစားဖြင့် နိုင်ငံ့ဂုဏ်ဆောင်နိုင်မည့် မျိုးဆက်သစ်အားကစားသမားများ ရရှိစေရေးအတွက် ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်မည့် (၇၈) ကြိမ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများ အောင်မြင်စွာကျင်းပနိုင်ရေးကိစ္စရပ်များနှင့် ပတ်သက်ပြီး သက်ဆိုင်ရာကဏ္ဍများအလိုက် တာဝန်ရှိသူများက ဆက်လက်ဆောင်ရွက်သွားရမည့် လုပ်ငန်းစဉ်များအားအသေးစိတ် စီမံချက်များစနစ်တကျရေးဆွဲ၍ တင်ပြပေးသွားရန်လိုကြောင်း ပြောကြားခဲ့သည်။

ဆက်လက်ပြီး ညွှန်ကြားရေးမှူးချုပ်များနှင့် အစည်းအဝေးတက်ရောက်လာကြသူများက နေပြည်တော်နှင့် ရန်ကုန်မြို့တို့တွင် စခန်းဝင်လေ့ကျင့်လျက်ရှိသည့် အဖွဲ့ချုပ်များ၊ အားကစားနည်းများအလိုက် စခန်းဝင်အားကစားသမားအင်အားစာရင်း၊ ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားနည်းနှင့် အားကစားသမားအင်အားစာရင်းများ၊ အုပ်ချုပ်/ထောက်ပံ့မှုဆိုင်ရာကိစ္စရပ်များ၊ ဒီဇင်ဘာလူထုလှုပ်ရှားမှုအထိမ်းအမှတ် လမ်းလျှောက်ပွဲနှင့် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍများအလိုက် တာဝန်ယူဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းအစီအမံများနှင့် ပတ်သက်ပြီး အသီးသီးရှင်းလင်းတင်ပြခဲ့ရာ ဒုတိယဝန်ကြီးများက လုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် အထက်/အောက် အပြန်အလှန် အချင်းချင်းမိသားစုစိတ်ဓာတ်ထားရှိပြီး စည်းစည်းလုံးလုံးဖြင့် လုပ်ကိုင်ဆောင်ရွက်သွားရန်လိုကြောင်း ဖြည့်စွက်ဆွေးနွေးပြောကြားခဲ့ပြီးနောက် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်ပြောကြားရာတွင် နိုင်ငံ့ဝန်ထမ်းများဖြစ်၍ တည်မြဲ အမိန့်များကိုလိုက်နာပြီး နိုင်ငံတော်မှပေးအပ်ထားသည့် လုပ်ငန်းတာဝန်များ၊ မိမိတို့ဝန်ကြီးဌာန၏ ရည်မှန်းချက်များ၊ မူဝါဒများကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်နှင့် 33rd SEA Games တွင် မြန်မာအားကစားအဖွဲ့ အောင်မြင်မှုရရှိစေရေးအတွက် သက်ဆိုင်ရာကဏ္ဍများအလိုက် လိုအပ်သည်များကို အချင်းချင်းပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားရန်မှာကြားခဲ့ပြီး အစည်းအဝေးအား ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

## အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်း ၂၀၂၅ ခုနှစ်၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ဘိလိယက်နှင့် စနူကာပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့တက်ရောက်၍ ရန်ကုန်မြို့ရှိ စခန်းဝင်လေ့ကျင့်နေသော အားကစားနည်းများအား လိုက်လံကြည့်ရှုစစ်ဆေး



ရန်ကုန် ၊ အောက်တိုဘာလ (၂)ရက်

၂၀၂၅ခုနှစ်၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ဘိလိယက်နှင့်စနူကာပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် (၇:၃၀) နာရီ အချိန်တွင် ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်ရှိ ပဒေသာ အားကစားခန်းမ၌ ကျင်းပပြုလုပ်ရာ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာကော်မတီနာယက ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးစိုးသိန်း၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနမှ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဘိလိယက်နှင့်စနူကာအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ အုပ်ချုပ်သူ/နည်းပြများ၊ ဒိုင်လူကြီးများနှင့်အားကစားသမားများ တက်ရောက်ခဲ့ကြပါသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးစိုးသိန်းက နှုတ်ခွန်းဆက်အမှာစကား ပြောကြားခဲ့ပြီး ဒုတိယဝန်ကြီးက အဖွင့်အမှာစကားပြောကြား၍ ဖွင့်လှစ်ပေးခဲ့ပါသည်။

ဆက်လက်၍ ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာအဓိဌာန် (၄)ချက် ရွတ်ဆိုပြီးနောက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးစိုးသိန်း၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်း၊ ရန်ကုန်တိုင်းဒေသကြီး အဖွဲ့ဝင် ဝန်ကြီးများ၊ ဘိလိယက်နှင့်စနူကာအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့်



စာမျက်နှာ ၁၁ သို့ ►

# ၂၀၂၅ ခုနှစ်၊ တိုင်းဒေသကြီးနှင့်ပြည်နယ် အမျိုးသမီးကိုယ်ကာယ ကြံ့ခိုင်မှုလေ့ကျင့်ခန်း(အေရိုးဗစ်) ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကျင်းပ





ရန်ကုန် ၊ အောက်တိုဘာလ (၁)ရက်

၂၀၂၅ခုနှစ်၊ တိုင်းဒေသကြီးနှင့်ပြည်နယ် အမျိုးသမီးကိုယ်ကာယ ကြံ့ခိုင်မှုလေ့ကျင့်ခန်း (အေရိုးဗစ်)ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နေ့လယ် (၁၂:၃၀)နာရီ အချိန်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ဝေဇယန္တာလမ်းရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ (၁) သုဝဏ္ဏာ၌ ကျင်းပပြုလုပ်ရာ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယ ပညာကော်မတီနာယက ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်း၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဒုတိယဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ရန်ကုန်တိုင်း ဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်၏ဇနီးနှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီး များ၏ဇနီးများ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနမှ ဒုတိယ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံအမျိုးသမီး အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ အုပ်ချုပ်သူ/နည်းပြများ၊ ဒိုင်လူကြီးများနှင့် အားကစားသမားများတက်ရောက်ခဲ့ကြပါသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးစိုးသိန်းက နှုတ်ခွန်းဆက်အမှာစကားပြောကြားခဲ့ပြီး ဒုတိယ ဝန်ကြီး ဦးထိန်းလင်းက အဖွင့်အမှာစကားပြောကြားခဲ့ကာ ဖွင့်လှစ် ပြီးနောက် ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာ အဓိဋ္ဌာန် (၄) ချက် ရွတ်ဆိုခဲ့ပါသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးစိုးသိန်း၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်း၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိ ပုဂ္ဂိုလ်တို့က ပြိုင်ပွဲဝင်အားကစားသမားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ပါသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်းက ရန်ကုန်တိုင်းစစ်ဌာနချုပ် စစ်တီးဝိုင်းအဖွဲ့အား ဂုဏ်ပြုချီးမြှင့်ငွေကျပ် (၆) သိန်းကို ပေးအပ်ချီးမြှင့်ခဲ့ပြီးနောက် ယနေ့ ယှဉ်ပြိုင်သည့်ပွဲစဉ်များကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရှိရသည်။

---

စာမျက်နှာ ၁၀ မှ အဆက် ►



တာဝန်ရှိသူများက ပြိုင်ပွဲဝင်အားကစားသမားများအား ရင်းရင်း နှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ပါသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ဒုတိယဝန်ကြီး ဦးထိန်လင်းတို့က ရန်ကုန်တိုင်း စစ်ဌာနချုပ် စစ်တီးဝိုင်းအဖွဲ့အား ဂုဏ်ပြုချီးမြှင့်ငွေကျပ် (၅) သိန်းကို ပေးအပ်ချီးမြှင့်ခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်းက ပြိုင်ပွဲအား ဘိလိယက်ထိုး၍ ဖွင့်လှစ်ပေးခဲ့ပါသည်။ ဆက်လက်၍ ယနေ့ယှဉ်ပြိုင်သည့် ဘိလိယက်တစ်ဦးချင်းပြိုင်ပွဲနှင့် စနူကာ 15-Red တစ်ဦးချင်းပြိုင်ပွဲများကို ကြည့်ရှုအားပေးခဲ့သည်။

ထိုမှတဆင့် ဒုတိယဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ အင်းယားလမ်းရှိ လှေလှော်အဖွဲ့ချုပ်သို့ရောက်ရှိပြီး 33rd SEA Games သို့ ဝင်ရောက်ယှဉ်ပြိုင်ရန် စခန်းဝင်လေ့ကျင့်နေသည့် ပဏာမ လက်ရွေးစင် လှေလှော်အားကစားသမားများ လေ့ကျင့်နေမှုအား ကြည့်ရှုစစ်ဆေး၍ အားကစားသမားများအား စံချိန်၊ စံညွှန်းများ ပိုမိုကောင်းမွန်အောင်လေ့ကျင့်ကြရန်၊ ကျန်းမာရေးကို အထူးဂရုစိုက် ကြရန်နှင့် အချိန်ပေးကြိုးစားထားသည်နှင့်ညီမျှသည့် အောင်မြင်မှု များကိုရရှိအောင် ကြိုးစားကြရန်မှာကြားခဲ့ပါသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် တာမွေမြို့နယ် အားကစား နှင့်ကာယပညာသိပ္ပံ(ရန်ကုန်) ကျိုက္ကဆံကွင်းအတွင်းရှိ ဝူရှူး အားကစားလေ့ကျင့်ရေးရုံသို့ရောက်ရှိရာ စခန်းဝင်လေ့ကျင့်လျက် ရှိသည့် ထောက်လု/ဆန်းဆို အားကစားနည်းများမှ ပဏာမလက်ရွေးစင် ဝူရှူးအားကစားသမားများ လေ့ကျင့်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး အားကစားသမားများအား ပြိုင်ပွဲတွင် ဇွဲ၊ စိတ်ဓာတ်ကောင်းမွန် စွာဖြင့်ပြိုင်ဘက်အား ပြတ်ပြတ်သားသား အနိုင်ယူယှဉ်ပြိုင်နိုင်ရန်နှင့် ပြိုင်ပွဲသို့မရောက်မီ ယခုကတည်းက အောင်မြင်မှုဆုတံဆိပ်များ ရရှိအောင် ကြိုးစားကြရန်လိုအပ်ကြောင်း မှာကြားခဲ့ပြီးနောက် ခြင်းလုံးအားကစား ရုံသို့ရောက်ရှိပြီး ပဏာမလက်ရွေးစင် ခြင်းလုံးအားကစားသမားများ လေ့ကျင့်နေမှုများအား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် အမျိုးသားအားကစားပြိုင်ပွဲ ရုံ(၁)သုဝဏ္ဏာ၌ ဘိလိယက်နှင့်စနူကာအဖွဲ့ချုပ် လေ့ကျင့်ရေးခန်းမ သို့ရောက်ရှိပြီး စခန်းဝင်လေ့ကျင့်နေသည့် ပဏာမလက်ရွေးစင် ဘိလိယက်နှင့်စနူကာ အားကစားသမားများ၏ တစ်နေ့တာ လေ့ကျင့် သည့် လေ့ကျင့်ချိန်အရေအတွက်၊ လေ့ကျင့်မှုပုံစံ၊ လေ့ကျင့်သည့် စံချိန်၊ စံနှုန်းရရှိသည့် အနေအထားတို့အား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များအား လမ်းညွှန်မှာကြားခဲ့ကြောင်း သိရှိရသည်။

# မြန်မာနိုင်ငံအိုလံပစ်ကော်မတီဒုတိယဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်း၂၀၂၅ ခုနှစ်၊ တိုင်းဒေသကြီးနှင့်ပြည်နယ် အမျိုးသမီးကိုယ်ကာယကြံ့ခိုင်မှု လေ့ကျင့်ခန်း (အေရိုးဗစ်)ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားတက်ရောက်၍ 33rd SEA Games အတွက် အုပ်ချုပ်မှုဆိုင်ရာ ရုံးအဖွဲ့များနှင့်တွေ့ဆုံ





ရန်ကုန်၊ အောက်တိုဘာလ (၃) ရက်

၂၀၂၅ ခုနှစ်၊ တိုင်းဒေသကြီးနှင့်ပြည်နယ် အမျိုးသမီးကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်း(အေရိုးဗစ်)ပြိုင်ပွဲ ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့နံနက် (၀၈:၃၀)နာရီ အချိန်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ဝေဇယန္တာလမ်းရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ (၁) သုဝဏ္ဏ၌ ကျင်းပပြုလုပ်ရာ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာကော်မတီနာယက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်း၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်၏ဇနီးနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၏ဇနီးများ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနမှ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ဆုရအားကစားသမားများ တက်ရောက်ခဲ့ကြပါသည်။

ဦးစွာ ဗိုလ်လုပွဲအဖြစ် တစ်ဦးချင်းပြိုင်ပွဲများ ယှဉ်ပြိုင်ခဲ့ကြပြီး ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အမျိုးသမီးကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်း(အေရိုးဗစ်)ပြိုင်ပွဲတွင် အဖက်ဖက်မှ ဝိုင်းဝန်းကူညီပံ့ပိုးလှူဒါန်းပေးခဲ့သော အလှူရှင်များအား အမှတ်တရဂုဏ်ပြုဆုနှင့် (Trophy)များကို အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့မှ ပေးအပ်ခဲ့ပါသည်။

ဆက်လက်၍ ဆုပေးပွဲအခမ်းအနားကို ကျင်းပပြုလုပ်ရာမြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီး မြို့တော်ဝန် ဦးဗိုလ်ဌေး၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်း၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်၏ ဇနီးတို့က တစ်ဦးချင်း ပြိုင်ပွဲ၊ (၃) ယောက်တွဲပြိုင်ပွဲနှင့် (၉) ယောက်တွဲပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထနှင့် ပဉ္စမဆုများ ရရှိခဲ့ကြသော အားကစားသမားများနှင့် အသင်းများအား ဆုတံဆိပ်များနှင့် ငွေသားဆုများကို အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြပါသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာကော်မတီနာယက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်းက ရွှေ(၂)၊ ငွေ(၁)ဖြင့် တံခွန်စိုက်ဆုဖလားရရှိသွားသော ရန်ကုန်တိုင်းဒေသကြီးအသင်းအား တံခွန်စိုက်ဆုဖလားကို ပေးအပ်ချီးမြှင့်ပြီးနောက် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးခဲ့ပါသည်။

ထိုမှတဆင့် ဒုတိယဝန်ကြီးသည် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်အတူ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်) အစည်းအဝေးခန်းမ၌ 33rd SEA Games သွားရောက်ယှဉ်ပြိုင်ရာတွင် ပါဝင်မည့်အုပ်ချုပ်မှုဆိုင်ရာ ရုံးအဖွဲ့ဝင်များနှင့်တွေ့ဆုံ၍ အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် အားကစားနည်းများအလိုက် လိုအပ်ချက်များမရှိစေရေး အချိန်နှင့်တစ်ပြေးညီဆောင်ရွက်သွားကြရန်၊ နိုင်ငံတော်မှကျွေးမွေးသည့် စားစရိတ်နှုန်းထားနှင့်အညီ အားကစားသမားများအား တနေ့တာ ကျွေးမွေးနေမှုများကို ကြပ်မတ်စစ်ဆေးရန်၊ ရုံးပိုင်းဆိုင်ရာ စီမံခန့်ခွဲမှုကိစ္စရပ်များအား ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန်၊ အောင်နိုင်ရေးအလံပေးအပ်ပွဲအခမ်းအနားအတွက်လိုအပ်သည့် ကိစ္စရပ်များအား သက်ဆိုင်ရာကဏ္ဍအလိုက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန်၊ ပြိုင်ပွဲသို့သွားရောက်ရာတွင် သွား/လာရေးကိစ္စရပ်များ၊ တည်းခို/နေထိုင်စားသောက်ရေးကိစ္စရပ်များအား အဆင်ပြေချောမွေ့စေရေး ကြိုတင်ချိတ်ဆက် ဆောင်ရွက်သွားကြရန်နှင့် ပြိုင်ပွဲပြီးဆုံးပါက အစီရင်ခံစာပြုစုနိုင်ရေး ကိစ္စရပ်များကို ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရန်မှာကြားခဲ့ပါသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ပဏာမလက်ရွေးစင် အားကစားသမားများထားရှိရာ (၄) ထပ်အိပ်ဆောင်ရှိ စားရိပ်သာသို့ ရောက်ရှိပြီး စားရိပ်သာ၌ အားကစားသမားများ ကျွေးမွေးနေမှုများ၊ သန့်ရှင်းသပ်ရပ်စွာ ပြင်ဆင်ထားရှိမှုများ၊ ချက်ပြုတ်ဆောင်နှင့် စတိုခန်းများအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့ကြောင်း သိရှိရသည်။

**အားကစားသည် နိုင်ငံတစ်နိုင်ငံ၏ ဂုဏ်**
**လူမျိုးတစ်မျိုး၏ သိက္ခာ ဖြစ်သည်။**

## ၂၀၂၅ ခုနှစ်၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ဘိလိယက်နှင့်စနူကာပြိုင်ပွဲ ဆုချီးမြှင့်ခြင်းအခမ်းအနားကျင်းပ





ရန်ကုန် ၊ အောက်တိုဘာလ ၈

၂၀၂၅ခုနှစ်၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ဘိလိယက်နှင့်စနူကာပြိုင်ပွဲ ဆုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့ညနေ (၁၆:၀၀ )နာရီအချိန်တွင် တောင်ဥက္ကလာပမြို့နယ်ရှိ ပဒေသာအားကစားခန်းမ၌ ကျင်းပပြုလုပ်ရာ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာ ကော်မတီနာယက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်း၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး၊ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ဆုရအားကစားသမားများ တက်ရောက်ခဲ့ကြပါသည်။

ဦးစွာ ဗိုလ်လုပွဲအဖြစ် ဘိလိယက်တစ်ဦးချင်းပြိုင်ပွဲ၊ စနူကာ 15-Red တစ်ဦးချင်းပြိုင်ပွဲနှင့်စနူကာ 6-Red တစ်ဦးချင်းပြိုင်ပွဲများ ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးခဲ့ပြီးနောက် ဆုပေးပွဲအခမ်းအနားကို ကျင်းပပြုလုပ်ရာ ဘိလိယက်နှင့်စနူကာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်ခန့်ကျော်က ဘိလိယက် Highest Break ဆု၊ စနူကာ 15-Red Highest Break ဆုနှင့် စနူကာ 6-Red Highest Break ဆုရရှိသွားသူများအား Trophy နှင့် ငွေသားဆုများကို ချီးမြှင့်ခဲ့ပါသည်။

ယင်းနောက် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးခင်မောင်ကြည်က ဘိလိယက်တစ်ဦးချင်းပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် ပူးတွဲတတိယ ဆုရရှိသူများအားလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကျော်ကျော်စိုးက ဘိလိယက်နှစ်ယောက်တွဲပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် ပူးတွဲတတိယဆုရရှိသူများအားလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်းက စနူကာ15-Red တစ်ဦးချင်းပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် ပူးတွဲတတိယဆုရရှိသူများအားလည်းကောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီး မြို့တော်ဝန် ဦးဗိုလ်ဌေးက စနူကာ 6-Red တစ်ဦးချင်းပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် ပူးတွဲတတိယဆုရရှိသူများအားလည်းကောင်း ဆုတံဆိပ်နှင့်ငွေသားဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့သည်။

ဆက်လက်၍ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်းက စနူကာ 15-Red နှစ်ယောက်တွဲပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် ပူးတွဲတတိယဆုရရှိသူများအား တစ်ဦးချင်းဆုတံဆိပ်များနှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာ ကော်မတီနာယက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်းက စနူကာ 6-Red နှစ်ယောက်တွဲပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် ပူးတွဲတတိယဆုရရှိသူများအား တစ်ဦးချင်း ဆုတံဆိပ်များနှင့် ငွေသားဆုများကို အသီးသီးပေးအပ် ချီးမြှင့်ခဲ့ပြီးနောက် ရွှေ(၂)၊ ငွေ(၁)၊ ကြေး(၂)ဖြင့် အသင်းလိုက်တံခွန်စိုက် ဆုဖလားရရှိသွားသော ဧရာဝတီတိုင်းဒေသကြီးအသင်းအား အသင်းလိုက်တံခွန်စိုက်ဆုဖလားကိုပေးအပ် ချီးမြှင့်ခဲ့ကြောင်းသိရသည်။

## (၃)နိုင်ငံဖိတ်ခေါ်ဘောလုံးပြိုင်ပွဲတွင် ပထမဆုဖလားရရှိခဲ့သည့် မြန်မာ(ISPE ) ဘောလုံးအသင်းအား ဂုဏ်ပြုပွဲ အခမ်းအနားကျင်းပ



ရန်ကုန် ၊ အောက်တိုဘာလ ၈

၂၀၂၅ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့မှ အောက်တိုဘာလ ၇ ရက်နေ့အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် Lincang မြို့တွင် ကျင်းပပြုလုပ်ခဲ့သည့် မြန်မာ-တရုတ်-ဗီယက်နမ် (၃)နိုင်ငံဖိတ်ခေါ်ဖလား အမျိုးသားဘောလုံးပြိုင်ပွဲတွင် အားကစားနှင့်ကာယပညာသိပ္ပံ (ISPE FC) အမျိုးသားဘောလုံးအသင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ပထမဆုဖလားကို ဆွတ်ခူးရရှိခဲ့သည့်အတွက် ၇-၁၀-၂၀၂၅ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်ရှိ M 3 စားသောက်ဆိုင်တွင် ကျင်းပပြုလုပ်ခဲ့ရာ ဒုတိယဝန်ကြီး ဦးထိန်လင်း၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ အုပ်ချုပ်/နည်းပြနှင့် ဆုရအားကစားသမားများ တက်ရောက်ခဲ့ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးဦးထိန်လင်းမှ ဂုဏ်ပြုအမှာစကားပြောကြားပြီး အသင်းအုပ်ချုပ်သူ အားကစားနှင့်ကာယပညာသိပ္ပံ (ရန်ကုန်) ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးထွန်းထွန်းဦးက ပြိုင်ပွဲအတွေ့အကြုံများအား ရှင်းလင်းတင်ပြပြီးနောက် (ISPE FC) ဘောလုံးအသင်းမှ ကစားသမားတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ပြီး အမှတ်တရ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကာ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

## ဒုတိယဝန်ကြီး ဦးထိန်လင်း ၂၀၂၅ ခုနှစ်၊ တိုင်းဒေသကြီးနှင့်ပြည်နယ် အသက် (၂၅)နှစ်အောက် (အမျိုးသမီး) ဘောလုံးပြိုင်ပွဲ ကြည့်ရှုအားပေးပြီး အားကစားနှင့်ကာယပညာသိပ္ပံ(ပုသိမ်)နှင့် ဟင်္သာတမြို့နယ် အားကစားခန်းမ ကြမ်းခင်းလုပ်ငန်းပြီးစီးမှုအားစစ်ဆေး



နေပြည်တော်၊ အောက်တိုဘာ ၁၂

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်းသည် ဧရာဝတီတိုင်းဒေသကြီး၊ (ပုသိမ်ဇုန်)တွင် ယမန်နေ့တွင် ကျင်းပပြုလုပ်လျက်ရှိသည့် အုပ်စုပတ်လည် ပထမပြိုင်ပွဲ ယှဉ်ပြိုင်မည့် ဧရာဝတီတိုင်းဒေသကြီးအမျိုးသမီးအသင်းနှင့် မန္တလေးတိုင်းဒေသကြီး အမျိုးသမီးအသင်းတို့အား ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်အတူ ပြိုင်ပွဲမစတင်မီ ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်၍ ပြိုင်ပွဲအား ကြည့်ရှုအားပေးခဲ့ပါသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် တာဝန်ရှိသူများလိုက်ပါလျက် ဧရာဝတီတိုင်းဒေသကြီးရှိ အားကစားနှင့်ကာယပညာသိပ္ပံ (ပုသိမ်) (၃)ထပ်သင်တန်းသား အိပ်ဆောင်တည်ဆောက်နေမှုအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးနှင့် စံချိန်၊ စံညွှန်း အရည်အသွေးပြည့်မီစေရေး အလေးအနက်ထား ဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရှိရသည်။

ယနေ့ နံနက်ပိုင်းတွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီးနှင့်အတူ တာဝန်ရှိသူများ လိုက်ပါလျက် ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ ဟင်္သာတမြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာနသို့ သွားရောက်၍ မြို့နယ်အားကစားခန်းမ ကြမ်းခင်းပြုပြင်ခြင်း လုပ်ငန်းပြီးစီးမှုအား ကြည့်ရှုစစ်ဆေးခဲ့ပြီး အားကစားခန်းမ ရေရှည်တည်တံ့နိုင်ရေး အမြဲထိန်းသိမ်းဆောင်ရွက်သွားရန်၊ အစဉ်အမြဲသန့်ရှင်း သာယာလှပစေရေးတို့အတွက် အလေးအနက်ထား ဆောင်ရွက်သွားရန်နှင့် အားကစားပြိုင်ပွဲများ စဉ်ဆက်မပြတ်ကျင်းပသွားရန် လမ်းညွှန်မှာကြားခဲ့ပါသည်။



## အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်း ရွှေကြာပင်အားကစားကွင်းအတွင်း Synthetic ပြေးလမ်းခင်းခြင်း ဆောင်ရွက်နေမှုများနှင့် ဥတ္တရသီရိအားကစားကွင်း အုတ်တံတိုင်း ကာရံခြင်းအခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေး



နေပြည်တော်၊ အောက်တိုဘာ ၁၇

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်းသည် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ရွှေကြာပင်အားကစားကွင်းအတွင်း Synthetic ပြေးလမ်းခင်းခြင်း ဆောင်ရွက်နေမှုများနှင့် ဥတ္တရသီရိအားကစားကွင်း အုတ်တံတိုင်း ကာရံခြင်း အခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

ဦးစွာ ဒုတိယဝန်ကြီး ဦးထိန်လင်းနှင့်အဖွဲ့သည် ရွှေကြာပင်အားကစားကွင်းအတွင်း မန္တလေးမြေငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အားကစားကွင်း/အားကစားရုံ ပြန်လည်ပြုပြင်နိုင်ရေးနှင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေဖြင့်တည်ဆောက်လျက်ရှိသည့် ရွှေကြာပင်အားကစားကွင်းတွင် မီတာ(၄၀၀)ပြေးလမ်းပါ ဘောလုံးကွင်း Synthetic ပြေးလမ်းခင်းကျင်းရန်အတွက် မြေညှိခြင်းလုပ်ငန်း၊ ကျောက်စီခြင်းလုပ်ငန်းနှင့် ပြေးလမ်းဘောင် အုတ်စီခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး Synthetic ပြေးလမ်းအားသတ်မှတ် စံချိန်စံညွှန်းအရည်အသွေးပြည့်မီစေရေး၊ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးစေရေး၊ သဘာဝဘေးအန္တရာယ်ဒဏ်နှင့် ရာသီဥတုဒဏ်ခံနိုင်စေရန်နှင့် ရေရှည်တည်တံ့စေရန်အတွက် ဦးစားပေးတည်ဆောက်သွားရန် တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ကုမ္ပဏီမှ တာဝန်ရှိသူများကို မှာကြားခဲ့ပြီးနောက် ရွှေကြာပင်အားကစားကွင်းတွင် တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများအနေဖြင့် လုံခြုံရေးအသိ လုံခြုံရေးသတိရှိစေလိုကြောင်း၊ နွေဦးရာသီ ရောက်လာပြီဖြစ်သည့်အတွက် လျှပ်စစ်မီးနှင့်ပတ်သက်ပြီး အထူးဂရုစိုက်ကိုင်တွယ်ဆောင်ရွက်သွားကြစေလိုကြောင်း၊ မီးသတ်ဆေးဗူးများကိုလည်း ပြန်လည်စစ်ဆေးဆောင်ရွက်ထားကြစေလိုကြောင်း၊ နိုင်ငံတော်ပိုင် ပြည်သူပိုင်ပစ္စည်းများ မပျောက်ပျက်စေရေး တာဝန်ပေးအပ်ပြီး ဆောင်ရွက်သွားကြစေလိုကြောင်း မှာကြားခဲ့သည်။

ဆက်လက်ပြီး ဒုတိယဝန်ကြီး ဦးထိန်လင်းနှင့်အဖွဲ့သည် ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလတွင် ဘရူနိုင်းနိုင်ငံ၌ ကျင်းပပြုလုပ်မည့်

စာမျက်နှာ ၁၅ သို့ ►

# အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် နေပြည်တော်ကောင်စီတို့ ပူးပေါင်း၍ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ ကျင်းပ



နေပြည်တော်၊ အောက်တိုဘာ ၂၃

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် နေပြည်တော်ကောင်စီတို့ ပူးပေါင်းကျင်းပသည့် လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ် အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်း၊ စိုးရတနာခန်းမ၌ကျင်းပရာ အခမ်းအနားသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ/ဆရာမများ နှင့် ကျောင်းသား/ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ကျောင်းသား/ ကျောင်းသူများက "ဇာတိမာန်" တေးသီချင်းဖြင့် သီဆိုဖျော်ဖြေ ပြီးနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်တို့က အမှာစကားပြောကြားသည်။ ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လူငယ်ရေးရာအသိပညာပေးဟောပြောသည့် စာရေးဆရာ ဒေါက်တာအောင်စိုးကို ဂုဏ်ပြုလက်ဆောင်နှင့် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းအတွက် အလှူငွေအား ကျောင်းအုပ်ဆရာမကြီးထံပေးအပ်ပြီး ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်းသို့ အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းသည်။

ထို့နောက် စာရေးဆရာ ဒေါက်တာအောင်စိုးက "လူငယ်နှင့် မိုဘိုင်းဖုန်းဂိမ်းအန္တရာယ်" ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောပြီး နေပြည်တော်လူငယ်ရေးရာတာဝန်ခံက ကျောင်းသား/ကျောင်းသူများကို ဉာဏ်စမ်းပဟေဠိမေးမြန်းခြင်းနှင့် ဆုလက်ဆောင်ပေးအပ်ခဲ့ကြောင်း သိရသည်။

စာမျက်နှာ ၁၄ မှ အဆက်

၁၄ ကြိမ်မြောက် Asean School Games သို့ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် ဘက်စကက်ဘောအားကစားနည်းမှ အားကစားသမားများ၏ လေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးခဲ့ပြီးနောက် အုပ်ချုပ်/နည်းပြများနှင့်တွေ့ဆုံ၍ မိမိအားကစားသမားများ၏ အားနည်းချက်/ အားသာချက်များကို ပြန်လည်သုံးသပ်ပြုပြင်၍ လေ့ကျင့်သင်ကြားပေးသွားရန်လိုကြောင်း၊ ပြိုင်ပွဲကာလ နီးကပ်လာပြီဖြစ်သည့်အတွက် လေ့ကျင့်မှုပြုလုပ်ရာတွင် ထိခိုက်ဒဏ်ရာမရှိအောင် ဂရုစိုက်လေ့ကျင့်သင်ကြားပေးရန်လိုကြောင်း မှာကြားခဲ့သည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဥတ္တရသီရိခရိုင်ရှိ ဥတ္တရသီရိမြို့နယ် ဘောလုံးကွင်းအား ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု ငွေလုံးငွေရင်းရန်ပုံငွေဖြင့် တည်ဆောက်လျက်ရှိသည့် အုတ်တံတိုင်းကာရံခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများအား သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးစေရေးအတွက် စိစစ်ကြပ်မတ်ဆောင်ရွက်ပေးသွားရန် တာဝန်ရှိသူများကို မှာကြားခဲ့ကြောင်း သိရသည်။

# လူငယ်ရေးရာအသိပညာပေးဟောပြောပွဲအခမ်းအနားကျင်းပ



နေပြည်တော်၊ အောက်တိုဘာ ၂၉

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် နေပြည်တော်ကောင်စီတို့ ပူးပေါင်းကျင်းပသည့် လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲကို ယနေ့နံနက်ပိုင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိမြို့နယ် အမှတ်(၁၂) အခြေခံပညာ အထက်တန်းကျောင်း ပညာရတနာခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲသို့ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ဆရာ/ဆရာမများနှင့် ကျောင်းသား/ ကျောင်းသူများ တက်ရောက်ကြသည်။ ဟောပြောပွဲတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌက လူငယ်များသည် မိမိတို့၏ တန်ဖိုးမဖြတ်နိုင်သည့် လက်ရှိလူငယ်ဘဝကို တန်ဖိုးထားပြီး လမ်းမှားမရောက်အောင် မိမိကိုယ်ကို ထိန်းသိမ်းတည့်မတ်ရင်း ပညာပြည့်ဝနလုံးလှသည့် လူတော်လူကောင်းများဖြစ်စေရန် ယနေ့အချိန်ကတည်းက ကြိုးစားကြရန်လိုအပ်ပါကြောင်း၊ လူငယ်များအနေဖြင့် ဘဝကိုမြင့်မားတိုးတက်ရန် လက်ရှိကျောင်းသား/ကျောင်းသူ ဘဝကတည်းက ပညာပြည့်ဝနလုံးလှသည့် လူတော်လူကောင်းဖြစ်အောင် ကြိုးစားကြရမည်ဖြစ်ကြောင်း၊ လူငယ်ဘဝကိုတန်ဖိုးထားပြီး ပညာကိုကြိုးစားသင်ယူကာ ကျောင်းပြင်ပ ပညာများဖြစ်သည့် နိုင်ငံတကာနှင့်ပတ်သက်သည့် အထွေထွေဗဟုသုတများ၊ ဘာသာစကားများ၊ ခေတ်မီတိုးတက်လာသည့် IT နည်းပညာများအပါအဝင် အခြားသောနည်းပညာများကို မျက်ခြည်မပြတ် လေ့လာတတ်ကျွမ်းအောင်ကြိုးစားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးက အမှာစကားပြောကြားပြီးနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက လူငယ်ရေးရာအသိပညာပေး ဆွေးနွေးဟောပြောသည့် စာရေးဆရာမသက်သက်နွယ်(ရန်ကုန်တက္ကသိုလ်) ကိုဂုဏ်ပြုလက်ဆောင်နှင့် အမှတ်(၁၂)အခြေခံပညာ အထက်တန်းကျောင်းအတွက် အလှူငွေကိုလည်းကောင်း၊ ဒုတိယဝန်ကြီးက

ကျောဖုံး သို့

# အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ စုပေါင်းမဟာဘုံကထိန် သင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနား ကျင်းပခြင်းနှင့် ဝဏ္ဏသိဒ္ဓိအားကစားကွင်း ပြန်လည်ပြင်ဆင်ဆောင်ရွက်နေမှုအခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေး





နေပြည်တော်၊ အောက်တိုဘာ ၃၁

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်အား အမှူးထား၍ နှစ်စဉ်နှစ်တိုင်း ကျင်းပပြုလုပ်လျက်ရှိသည့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းတွင် နေပြည်တော်၊ ရုံးအမှတ်(၃၁)ရှိ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပခဲ့သည်။

အစီအစဉ်အရ နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားအားဖွင့်လှစ်ခဲ့ပြီး ပျဉ်းမနားမြို့ မဟာဝိသုတာရာမ ဥယျာဉ်စုသိမ်ကျောင်းတိုက်၏ ဦးစီးပဓါနနာယကဆရာတော် ဘဒ္ဒန္တ အဂ္ဂဝံသ မဟာထေရ်မြတ်ထံမှ ငါးပါးသီလခံယူဆောက်တည်ခြင်း၊ သံဃာတော်အရှင်သူမြတ်တို့မှ ရွတ်ပွားသရဇ္ဈာယ်တော်မူသော ပရိတ်တရားတော်များကိုနာယူခြင်း၊ဆရာတော်ကြီးများအား ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများအား ဆပ်ကပ်လှူဒါန်းခြင်း၊ ဆရာတော်မဟာထေရ်မြတ်ကြီးထံမှ အနုမောဒနာတရားနာကြား၍ ရေစက်သွန်းလောင်းအမျှပေးဝေခဲ့ပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားအား ရုပ်သိမ်းခဲ့ပြီးနောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် အရာထမ်းဝန်ထမ်းများက ဆရာတော်ကြီးများအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခြင်းများ ပြုလုပ်ခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့ နံနက်ပိုင်းတွင် မတ်လ ၂၈ ရက်နေ့၌ လှုပ်ခတ်ခဲ့သည့် မန္တလေး ငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်း အပြင်ဘက်ခြံစည်းရိုး အုတ်တံတိုင်းများ ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ၊ ဝဏ္ဏသိဒ္ဓိအားကစားရုံ (A) နှင့် ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း ပြန်လည်ပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် 33rd SEA Games ဝင်ရောက်ယှဉ်ပြိုင်မည့် ပိုက်ကျော်ခြင်းအားကစားနည်းမှ အားကစားသမားများ၏ အမျိုးသား/အမျိုးသမီး ပိုက်ကျော်ခြင်းနှစ်ယောက်တွဲ၊ သုံးယောက်တွဲ၊ လေးယောက်တွဲ အသင်းလိုက်လေ့ကျင့်နေမှုများနှင့် ကွင်းသွင်းခြင်းခတ်အားကစားသမားများ၏ လေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးခဲ့ပြီးနောက် အုပ်ချုပ်/နည်းပြများနှင့် အားကစားသမားများအားတွေ့ဆုံ၍ ပိုက်ကျော်ခြင်းအားကစားနည်းဖြင့် နိုင်ငံ့ဂုဏ်ဆောင်နိုင်ပြီး အောင်မြင်မှုဆုတံဆိပ်များရရှိအောင် နောက်ဆုံးအချိန်အထိ မဆုတ်မနစ်သော ဇွဲ၊ စိတ်ဓာတ်၊ လုံ့လတို့ဖြင့် အစွမ်းကုန်ကြိုးပမ်းအားထုတ်သွားရန် မှာကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဝဏ္ဏသိဒ္ဓိဘောလုံးကွင်းအတွင်းရှိ ဓာတ်လှေကားပြန်လည်ပြုပြင်ပြီးစီးမှု အခြေအနေ၊ VIP ညှော်ခန်းမအား ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ၊ အထူးတန်းပွဲကြည့်စင် ပြန်လည်ပြုပြင်နေမှုအား အချိန်မီပြီးစီးစေရေး အလေးထား ဆောင်ရွက်သွားရန်လိုကြောင်း၊ လုပ်ငန်းခွင်အတွင်း အန္တရာယ်ကင်းရှင်းစေရေးဦးစားပေး အလေးအနက်ထား ဂရုစိုက်ဆောင်ရွက်ရန်နှင့် အဆောက်အဦများ ရေရှည်တည်တံ့ပြီး သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ Working Schedule အတိုင်း အချိန်မီပြီးစီးစေရေးအတွက် စစ်ဆေးကြပ်မတ်ဆောင်ရွက်သွားရန် တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

---

စာမျက်နှာ ၁၅ မှ အဆက် ►



အမှတ် (၁၂) အခြေခံပညာ အထက်တန်းကျောင်းအတွက် အားကစားပစ္စည်းများကိုလည်းကောင်း ပေးအပ်လှူဒါန်းသည်။

ယင်းနောက် စာရေးဆရာမ သက်သက်နွယ် (ရန်ကုန်တက္ကသိုလ်)က "လူငယ်နှင့်မျိုးချစ်စိတ်" ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောပြီး နေပြည်တော် လူငယ်ရေးရာတာဝန်ခံက ကျောင်းသား/ကျောင်းသူများအား ဥာဏ်စမ်းပဟေဠိ မေးမြန်းခြင်းနှင့် ဆုလက်ဆောင်ပေးအပ်ခြင်းများဆောင်ရွက်ကြသည်။

**မျိုးချစ်စိတ်ဓာတ် ထက်သန်ရေး အားကစားကို အစဉ်အားပေး**

# အားကစားဌာနခွဲအဆင့်ဆင့် ဖွဲ့စည်းပုံနှင့် Sport Sustainable Development အားကစား ရေရှည်စဉ်ဆက်မပြတ်တိုးတက်ရေး အကြံပြုချက်များ အပိုင်း(၂)

ရဲလွင်အောင်(YU)

မိမိတာဝန်ယူဆောင်ရွက်နေသောဌာနခွဲမှာ လူထုအားကစားနှင့်ပညာပေးဌာနခွဲဖြစ်သည်နှင့်အညီ လူတစ်ဦးမှ **လူ**တစ်စု၊ လူတစ်စုမှ လူအများ လိုက်ပါ၍ အားကစားလုပ်ငန်းများကို စိတ်ရောကိုယ်ပါ ဆောင်ရွက်**လာ**စေရေး ဦးတည်ကြိုးပမ်းသွားရမည်ဟု ခံယူထားပါသည်။

ဌာနခွဲမှ လက်ရှိပုံမှန်ဆောင်ရွက်နေသော လုပ်ငန်းမှာ ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှုကို မြန်မာပြည်တစ်ဝန်း နှစ်အလိုက် ပါဝင်သူရာခိုင်နှုန်း တစ်ဖြည်းဖြည်းတိုးတက်လာစေရေး ဆောင်ရွက်ခြင်း၊ နွေရာသီအားကစား သင်တန်းများကို နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံးတွင် နှစ်အလိုက် ပိုမိုပါဝင်လာစေရေး၊ လူထုအားကစားအပါအဝင် အားကစားလုပ်ငန်းများ ခေတ်နှင့်အညီ တိုးတက်လာစေရေးကို **ကလောင်စွမ်းဖြင့် နှိုးဆော်မြှင့်တင်နိုင်ရေး** ဦးတည်လျက် ဒီဇင်ဘာလူထုအားကစားလ အထိမ်းအမှတ် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ ခါတ်ပုံပြိုင်ပွဲများကို ၂၀၀၉ ခုနှစ်မှစတင်၍ နှစ်စဉ်ကျင်းပပေးလျက်ရှိပါသည်။ ၂၀၂၄ ခုနှစ်တွင် ပဋ္ဌမအကြိမ် အမျိုးသားအားကစားပွဲတော်ကျင်းပသောကာလနှင့် တိုက်ဆိုင်နေသဖြင့် ဒီဇင်ဘာလူထုအားကစားလ အထိမ်းအမှတ်အမည်အစား ပဋ္ဌမအကြိမ် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာနှင့် ခါတ်ပုံပြိုင်ပွဲဟူ၍ အမည်ပြောင်း**လဲ** ကျင်းပပေးခဲ့သည်။

ကမ္ဘာ့ကပ်ရောဂါဖြစ်**သည့်** ကိုဗစ် ၁၉ ရောဂါ ကျရောက်သောကာလ ၂၀၂၀-၂၀၂၁ အတွင်းမှာပင်နေအိမ်ပြင်ပထွက်ချိန် နှာခေါင်းနှင့်ပါးစပ်အဖုံး **Mask** မဖြစ်**မနေ** တပ်ဆင်အသုံးပြုနေရ ချိန်တွင်ပင် ဌာနအကြီးအကဲများ၏ လမ်းညွှန်မှုဖြင့် လူကြီး၊ လူငယ်မရွေး၊ မသန်စွမ်းသူများ၊ ဉာဏ်ရည်မမီသူများ **အပါအဝင်** ပါဝင်လှုပ်ရှားယှဉ်ပြိုင်ကြသော **Online Physical Fitness Dance** ပြိုင်ပွဲကို တိုင်းဒေသကြီးနှင့်ပြည်နယ်အားလုံးက တစ်ခဲနက် ပါဝင်ယှဉ်ပြိုင်နိုင်အောင် မိမိတို့ လူထုအားကစားနှင့်ပညာပေးဌာနခွဲက အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ပါသည်။ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ ခရိုင်၊ မြို့နယ်များရှိ မူလလူဦးရေအချိုးအစားနှင့် ပါဝင်ယှဉ်ပြိုင်သူ လူဦးရေအချိုးအစားကို နှိုင်းယှဉ်၍ ဆုချီးမြှင့်မှုကြောင့် လူဦးရေနည်းသော **အချို့**ပြည်နယ်များရှိ မြို့နယ်၊ ခရိုင်များ ဆုချီးမြှင့်ခံခဲ့ရမှုနှင့်အတူ လူထုအားကစားလှုပ်ရှားမှု အတိုင်းအတာ တစ်ခုအထိ အောင်မြင်နိုင်ခဲ့**ပါ**သည်။

အလားတူ အားကစားနှင့်ကာယပညာဦးစီးဌာန၊ အားကစားဆေးဘက်ဆိုင်ရာဌာနခွဲမှ **Asean Physical Fitness Index** အစီအစဉ်ဖြင့် အာဆီယံဒေသများအတွင်း နိုင်ငံအသီးသီးရှိ ပြည်သူပြည်သားများ၏ ကျန်းမာရေး ညွှန်းကိန်းကောက်ခံရာတွင် သတ်မှတ်ကာလ အချိန်မီ တိုင်းဒေသကြီးနှင့်ပြည်နယ် အားကစားနှင့်ကာယပညာဦးစီးဌာနများအပါအဝင် အားကစားနှင့်ကာယပညာသိပ္ပံများ၏ တက်ကြွစွာပူးပေါင်းပါဝင် ဆောင်ရွက်နိုင်မှုကြောင့် မြန်မာနိုင်ငံ၏ ကျန်းမာရေးဆိုင်ရာညွှန်းကိန်းကို အောင်မြင်စွာကောက်ခံပြုစု၍ သက်ဆိုင်ရာသို့ အချိန်မီပေးပို့နိုင်သည့်အပြင် အဆိုပါ ကျန်းမာရေးညွှန်းကိန်းကို ညွှန်ကြားရေးမှူး ဒေါက်တာစိုးမင်းဦးက ဆေးသုတေသနဦးစီးဌာနမှကျင်းပသော သုတေသနညီလာခံသို့သုတေသနစာတမ်းတင်သွင်းခဲ့သည်ကို အမှတ်ရမိပြီး ၂၀၂၄ ခုနှစ်အတွင်း ဆေးသုတေသနဦးစီးဌာနက ရန်ကုန်မြို့၌ ကျင်းပသော သုတေသနညီလာခံတွင် စာတမ်းရှင် ဒေါက်တာစိုးမင်းဦး၏ စာတမ်းဖတ်ကြားမှုကို ဌာန၏ စေလွှတ်ချက်အရ မိမိကိုယ်တိုင် တက်ရောက်နားထောင်ခဲ့ပြီး အကဲဖြတ်သုတေသီ Professor များက ဒေါက်တာစိုးမင်းဦး၏ စာတမ်းကို ချီးမွမ်းထောပနာပြုမှုကိုလည်း ကြားနာခွင့်ရရှိခဲ့၍ သုတေသနညီလာခံနှင့် ပတ်သက်၍ အတွေ့အကြုံအချို့ရရှိခဲ့ပါသည်။

အားကစားလုပ်ငန်းအတွက် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍတို့ကို ဝန်ကြီးဌာနတစ်ခုတည်းအတွင်း ဆက်စပ်ဆောင်ရွက်နိုင်ရန်နိုင်ငံတော်ကဖွဲ့စည်းတာဝန်ပေးခဲ့သည့် နှစ်ကြိမ်လုံးတွင် အားကစားသုတေသနဆိုင်ရာလုပ်ငန်းများ အတန်သင့်ဆောင်ရွက်နိုင်ခဲ့သည်ကို မိမိအနေနှင့် **Hightlight** ပြုကာ တင်ပြလိုရင်းဖြစ်ပါသည်။ ကျန်းမာရေးနှင့် အားကစားလုပ်ငန်းသည် ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီဖြစ်ပါသည်။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန စတင်ဖွဲ့စည်းစဉ် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ၂၀၁၆ ခုနှစ် ဧပြီလအတွင်း အရာထမ်းများနှင့် စတင်မိတ်ဆက်တွေ့ဆုံသောနေ့တွင် နိုင်ငံသားအားလုံး၏ ကျန်းမာရေးအဆင့်အတန်း မြှင့်တင်လိုပါက နိုင်ငံသားအားလုံးအားကစားကိုလေ့လာလိုက်စားဖို့ လိုအပ်ကြောင်း၊ ကျန်းမာရေးကောင်းမွန်မှုနှုန်း တိုးတက်လာပါက ဆေးရုံ၊ ဆေးခန်းများတွင် လူနာများနည်းပါးလာကာ လူ့သက်တမ်းရှည်မှုနှုန်း တိုးတက်လာမည်ဟု မိန့်ကြားခဲ့တာကိုလည်း အမှတ်ရမိပါသည်။

ယခုတစ်ဖန် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်ခရီးသွားလုပ်ငန်းဝန်ကြီးဌာနနှစ်ခုကို ပြည်ထောင်စုဝန်ကြီး တစ်ဦးတည်းအား ယှဉ်တွဲပေါင်းစပ် တာဝန်ပေးအပ်သည်မှာ ဒုတိယအကြိမ်ဖြစ်နေသော်လည်း လုပ်ငန်းနှစ်ခု သဟဇာတဖြစ်အောင်ယှဉ်တွဲလုပ်ဆောင်နိုင်လျှင် နိုင်ငံတော်က အမြော်အမြင်ဖြင့် ဖွဲ့စည်းပေးခဲ့သည့် ရည်ရွယ်ချက်အထမြောက်မည်ဟု မိမိအနေနှင့် ဝန်ထမ်းတစ်ဦးပီပီ ရိုးရှင်းစွာတွေးမိ**ပါ**သည်။

၂၀၁၈-၂၀၁၉ ခုနှစ် ဝန်းကျင်ခန့်ကထင်ပါသည်။ အာရှဘတ်စကက်ဘော အဖွဲ့ချုပ် **(FIBA Asia)** ဥက္ကဋ္ဌ ကာတာနိုင်ငံသား **Hamad Al – Hamad** သည် မြန်မာနိုင်ငံသို့လာရောက်၍ ပြည်ထောင်စုဝန်ကြီးနှင့်တွေ့ဆုံကာ မြန်မာနိုင်ငံတွင် ဘတ်စကက်ဘောအားကစားတိုးတက်ရေး အထူးသဖြင့် 3x3 ဘတ်စကက် အားကစားပျံ့ပွားတိုးတက်စေရေး လာရောက်ဆွေးနွေးခဲ့ဖူးသည်ကို မိမိအနေဖြင့် Courtesy Call မှတ်တမ်းလိုက်ရေးဖူး၍ အနည်းငယ်မှတ်မိပါသည်။ ၎င်း၏ မိခင်နိုင်ငံဖြစ်သော ကာတာဘတ်စကက်ဘောအဖွဲ့ချုပ်နှင့် ပူးပေါင်းညှိနှိုင်းလျက် ကာတာနိုင်ငံတွင် 3 x 3 ဘတ်စကက်ဘောကို ကာတာနိုင်ငံတစ်ဝန်း ဘတ်စကက်ဘောဝါသနာရှင်များအနက် မိသားစုတစ်စုတည်းက ဘတ်စကက်ဘောဝါသနာရှင်များ ဝင်ရောက်ယှဉ်ပြိုင်စေရေးပြိုင်ပွဲစီစဉ်ကျင်းပ ပေးခဲ့ရာမှတစ်နိုင်ငံလုံးတွင် ဘတ်စကက်ဘောအားကစား ပျံ့ပွားတိုးတက်ခဲ့၍ ကမ္ဘာ့ World ranking နှင့် Asia ranking တိုးတက်ခဲ့ပါကြောင်း ဆွေးနွေးခဲ့တာမှတ်မိပါသည်။ ၂၀၁၅ ခုနှစ်က စတင်ကျင်းပခဲ့၍ နှစ်စဉ်နီးပါး ကျင်းပကြောင်းလည်း သိရှိရပါသည်။

ဆက်လက်ဖော်ပြပါမည်.........................................................

# အားကစားဖြင့်လူငယ်များ၏အနာဂတ်ကို မြှင့်တင်ကြပါစို့

အောင်သူ

"ကျန်းမာရေးသည် လာဘ်ကြီးတစ်ပါး" ဆိုသော ဆိုရိုးစကား အတိုင်း လူငယ်တိုင်း၏ အဓိကတာဝန်မှာ မိမိကိုယ်ကို ကျန်းမာကြံ့ခိုင်အောင် ထိန်းသိမ်းရန်ဖြစ်သည်။ ထိုသို့ ကျန်းမာကြံ့ခိုင်ရေးအတွက် အားကစားသည် မပါမဖြစ်သောကဏ္ဍမှ ပါဝင်နေပါသည်။ အားကစားသည် ကိုယ်ကာယဖွံ့ဖြိုးရေးအတွက်သာမက စိတ်ဓာတ်ခွန်အား၊ စရိုက်လက္ခဏာကောင်းများ ပေါ်ထွန်းရေးနှင့် လူ့အသိုင်းအဝိုင်းအတွင်း ပျော်ရွှင်စွာပေါင်းသင်းဆက်ဆံနိုင်ရေးအတွက်ပါ အထောက်အကူပြုလှပေသည်။ ထို့ကြောင့် လူငယ်များ၏ အနာဂတ်ကို စစ်မှန်သောအောင်မြင်မှုဖြင့် မြှင့်တင်လိုပါက အားကစားကိုအခြေခံသည့် ဘဝနေထိုင်မှုပုံစံကို အလေးထားမွေးမြူကြရန် လိုအပ်ပါသည်။

လူငယ်ဘဝသည် ခန္ဓာကိုယ် ကြီးထွားဖွံ့ဖြိုးမှုအတွက် အရေးကြီးဆုံးသော အချိန်ကာလဖြစ်ပါသည်။ ဤအရွယ်တွင် ပုံမှန်အားကစားပြုလုပ်ခြင်းဖြင့်ရရှိလာနိုင်သော ရုပ်ပိုင်းဆိုင်ရာ အကျိုးကျေးဇူးများမှာ အံ့မခန်းပင်ဖြစ်သည်။

အားကစားပြုလုပ်ခြင်းဖြင့် ကြွက်သားများသန်မာလာပြီး အရိုးများသိပ်သည်းဆမြင့်မားကာ ပိုမိုခိုင်မာလာစေသည်။ နှလုံးသည် သွေးညှစ်အားကောင်းလာကာ အဆုတ်၏လေညှစ်အား မြင့်တက်လာပြီး ခန္ဓာကိုယ်တစ်ခုလုံးသို့ အောက်ဆီဂျင် ပိုမိုရရှိစေသည်။

ပုံမှန်ကိုယ်လက်လှုပ်ရှားမှုရှိသူများသည် အဝလွန်ခြင်း၊ နှလုံးရောဂါ၊ ဆီးချိုရောဂါ၊ သွေးတိုးရောဂါစသည့် ရောဂါမျိုးစုံမှ ကင်းဝေးတတ်ကြသည်။ ကိုယ်ခံအားစနစ်လည်း ပိုမိုကောင်းမွန်လာပြီး ရောဂါပိုးမွှားများ ဝင်ရောက်ခြင်းမှ ကာကွယ်ပေးနိုင်သည်။

အားကစားလုပ်ခြင်းသည် ခန္ဓာကိုယ်အတွင်းရှိ ဇီဝရုပ်ဖြစ်ပျက်မှုများကို မြှင့်တင်ပေးသောကြောင့် နေ့စဉ်လုပ်ငန်းဆောင်တာများကို ပိုမိုတက်ကြွစွာ ဆောင်ရွက်နိုင်စွမ်းရှိစေပါသည်။ အားကစားလုပ်ပြီးနောက် ပင်ပန်းနွမ်းနယ်မှုထက် လန်းဆန်းတက်ကြွမှုကို ပိုမိုခံစားရစေသည်။ အားကစား၏ အကျိုးကျေးဇူးများသည် ရုပ်ပိုင်းဆိုင်ရာတွင်သာမက စိတ်ပိုင်းဆိုင်ရာနှင့် လူမှုရေးပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုတွက်ပါများစွာ အထောက်အကူပြုနိုင်သည်။ ပညာရေး၊ မိသားစုနှင့် လူမှုရေးဖိအားများကြောင့် ယနေ့လူငယ်များသည် စိတ်ဖိစီးမှုဒဏ်ကို မကြာခဏခံစားနေကြရသည်။ အားကစားလုပ်ခြင်းသည် ဦးနှောက်အတွင်းမှ စိတ်ချမ်းသာမှုကိုဖြစ်စေသော'အန်ဒေါ်ဖင်' ဟော်မုန်းများထွက်ရှိစေကာ စိတ်ဖိစီးမှုများကို ထိရောက်စွာလျှော့ချပေးနိုင်သည်။

အားကစားတွင် ရည်မှန်းချက်တစ်ခုသတ်မှတ်ပြီး ၎င်းကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်သည့်အခါ မိမိကိုယ်ကို ယုံကြည်မှုအပြည့်အဝ ဖြစ်ပေါ်စေပါသည်။ ဤသည်ပင်လျှင် ဘဝ၏ အခြားနယ်ပယ် များတွင်ပါ အောင်မြင်မှုရရှိရန် အားဖြစ်စေသည်။

အသင်းနှင့်ကစားရသော အားကစားနည်းများသည် အသင်းဝင်များအကြား ပူးပေါင်းဆောင်ရွက်မှု၊ ခေါင်းဆောင်မှု၊ အခြားသူများ၏ စွမ်းရည်ကို အသိအမှတ်ပြုမှုနှင့် အနိုင်အရှုံးကို ဂုဏ်ယူစွာ လက်ခံတတ်မှု (Sportsmanship)စသော စိတ်ဓာတ်များကို ပေါ်ထွန်းစေပါသည်။ ဤသို့သော အရည်အသွေးများသည် လုပ်ငန်းခွင်နှင့် လူမှုအသိုင်းအဝိုင်းအတွင်း အောင်မြင်စွာ နေထိုင်သွားနိုင်ရန် အထောက်အကူပြုပါသည်။

အားကစားနှင့်ပညာရေးသည် ခွဲခြား၍မရသော အရာနှစ်ခုဖြစ်သည်။ ပုံမှန်အားကစားလေ့ကျင့်သူ ကျောင်းသားလူငယ်များသည် အာရုံစူးစိုက်နိုင်စွမ်း ပိုမိုကောင်းမွန်လာပြီး သင်ယူမှုစွမ်းရည် မြင့်တက်လာကြောင်း လေ့လာတွေ့ရှိချက်များစွာက သက်သေပြုထားသည်။ အားကစားလုပ်ခြင်းဖြင့် ဦးနှောက်သို့ သွေးစီးဆင်းမှုကောင်းမွန်စေကာ မှတ်ဉာဏ်အားကောင်းစေပါသည်။

ထို့အပြင် အားကစားမှတစ်ဆင့် ရရှိလာသော စည်းကမ်း၊ ဇွဲလုံ့လ၊ အချိန်စီမံခန့်ခွဲနိုင်မှုစွမ်းရည်နှင့် ရည်မှန်းချက်ထားရှိမှုတို့သည် စာမေးပွဲခန်းအတွင်းသာမက ဘဝ၏စစ်မှန်သော စာမေးပွဲများအတွက်ပါ အဖိုးမဖြတ်နိုင်သော လက်နက်ကောင်းများ ဖြစ်လာစေမည်ဖြစ်သည်။ လူငယ်များသည် နိုင်ငံ၏အနာဂတ်ခေါင်းဆောင်များဖြစ်ကြသည်။ ထိုခေါင်းဆောင်ကောင်းများ ပေါ်ထွန်းလာစေရန်အတွက် ကျန်းမာကြံ့ခိုင်ပြီး စိတ်ဓာတ်မြင့်မားသောလူငယ်များ လိုအပ်ပါသည်။ အားကစားသည် ဤသို့သော လူငယ်မျိုးဆက်သစ်များ မွေးထုတ်ပေးနိုင်သော အကောင်းဆုံးသော လမ်းကြောင်းဖြစ်သည်။

အားကစားသည် လူငယ်များအား မူးယစ်ဆေးဝါး၊ အကြမ်းဖက်မှုနှင့်အခြားသောလူမှုရေးဒုက္ခများမှ ကာကွယ်ပေးသည့် ကာကွယ်ရေးခံတပ်ကြီးတစ်ခုလည်းဖြစ်သည်။ အားကစားကွင်းအတွင်း ပျော်ရွှင်စွာလှုပ်ရှားနေသော လူငယ်တစ်ဦးသည် အခြားသော အန္တရာယ်ရှိသည့် အပြုအမူများဘက်သို့ ဦးတည်သွားနိုင်ခြေ အလွန်နည်းပါးသွားစေပါသည်။

နိုင်ငံတကာအဆင့်တွင် အားကစားထူးချွန်သော လူငယ်များသည် နိုင်ငံတော်၏ဂုဏ်ကို ကမ္ဘာ့အလယ်တွင် မြှင့်တင်ပေးနိုင်သော ဂုဏ်ဆောင်သံတမန်များ ဖြစ်လာနိုင်ပါသည်။

လူငယ်များ၏အနာဂတ်ကို အားကစားဖြင့် မြှင့်တင်နိုင်ရန် အောက်ပါအချက်များကို စနစ်တကျ ဆောင်ရွက်သင့်ပါသည် –

(က) မိသားစုများအနေဖြင့်– ကလေးငယ်များကို ငယ်စဉ်ကတည်းက အားကစားဝါသနာပါအောင် အားပေးမြှင့်တင်ပေးရန်၊ အားကစားနည်းတစ်နည်း ကစားနိုင်အောင် အချိန်ပေးရန်နှင့် လိုအပ်သော ပစ္စည်းကိရိယာများ ထောက်ပံ့ပေးရန်၊

(ခ) ကျောင်းများအနေဖြင့် –အားကစားသင်ခန်းစာများကို အရည်အသွေးမြှင့်တင်ပေးရန်၊ အားကစားပြိုင်ပွဲများ ပုံမှန်ကျင်းပပေးရန်၊ အားကစားပစ္စည်းကိရိယာများ လုံလောက်စွာ ထားရှိပေးရန်၊ ထူးချွန်သောအားကစားသမားလူငယ်များအား အားပေးဆုချီးမြှင့်ပေးရန်၊

(ဂ) အစိုးရနှင့်သက်ဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့် – လူငယ်များအတွက် အားကစားအဆင့်မီ ကွင်းများတည်ဆောက်ပေးရန်၊ လူငယ်အားကစားဖွံ့ဖြိုးရေး အစီအစဉ်များချမှတ်ဆောင်ရွက်ရန်၊ နိုင်ငံတကာအဆင့်သင်တန်းများသို့ စေလွှတ်တက်ရောက်စေရန်၊

(ဃ) လူငယ်တိုင်းကိုယ်တိုင်အနေဖြင့်– မိမိနှစ်သက်ရာ အားကစားနည်းတစ်ခုခုကို နေ့စဉ်ဘဝ၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ပုံမှန်လေ့ကျင့်ကစားမှုပြုရေးကို စိတ်အားထက်သန်စွာ ပါဝင်ဆောင်ရွက်ကြရန်၊

အားကစားသည် လူငယ်တစ်ဦး၏ဘဝအား အပြည့်အဝ ပြောင်းလဲမှုဖြစ်စေနိုင်သော လျှို့ဝှက်ချက်တစ်ခုဖြစ်သည်။ ၎င်းသည်ကျန်းမာသန်စွမ်းသော ခန္ဓာကိုယ်၊ ကြံ့ခိုင်သောစိတ်ဓာတ်နှင့် ကောင်းမွန်သောစရိုက် လက္ခဏာများကိုပုံဖော်ပေးပြီး ပညာရေးနှင့်ဘဝ အောင်မြင်မှုအတွက် ခိုင်မာသော အုတ်မြစ်ကို ချပေးနိုင်ပါသည်။ ထို့ကြောင့် မိမိကိုယ်ကို၊ မိသားစုကို၊ လူမှုအသိုင်းအဝိုင်းကို၊ နိုင်ငံတော်ကို ချစ်မြတ်နိုးသူ လူငယ်တိုင်းသည် အားကစားကို မျက်စိမှိတ်ယုံကြည်ကာ မိမိ၏ အနာဂတ်ကို ကိုယ်တိုင်မြှင့်တင်ရန် ယနေ့ကတည်းက စတင်လေ့ကျင့်ကြပါစို့။